


ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ဟောကြားတော်မူသော တရားတော်

# သက္ကာယဒိဋ္ဌိ ဆိုတာ သိပါရဲ့လား

([illegible])

(၂၃-၂-၉၂)

၁၄၁

0143

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ဟောကြားတော်မူသောတရားတော်

# သက္ကာယဒိဋ္ဌိဆိုတာ သိပါရစေ

(ပုဗ္ဗဏှသုတ်)

(၂၃-၂-၆၂)

THITSARPARAMI LIBRARY
Date ........................

စာမူခွင့်ပြုချက် အမှတ် - ၁၂၂/၂၀၀၁ (၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၅၃ / ၂၀၀၁ (၃)
အကြိမ် - ပထမအကြိမ်
အုပ်ရေ - ၃၀၀၀
ခုနှစ် - ၂၀၀၁ ခုနှစ်၊ မတ်လ
တန်ဖိုး - ( )

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဦးဝင်းအောင် (မြ ၀၅၁၃၁)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားတော်မူသော တရားတော်

# သက္ကာယဒိဋ္ဌိဆိုတာ သိပါရဲ့စေ (၁)

( ပုဏ္ဏမသုတ် )

(၂၃-၂-၆၂)

ဒီကနေ့လည်း အလုပ်စဉ်တရားပဲ၊ ပုဏ္ဏမသုတ်ကို ဟောလိမ့်မယ်လို့မှတ်ရမယ်၊ ပုဏ္ဏမသုတ်ဆိုတာ တခြားမဟုတ်ပါဘူး၊ သံယုတ်ပါဠိတော် လပြည့်နေ့ ဟောတဲ့သုတ်ကို ပုဏ္ဏမသုတ်လို့ခေါ်တယ်။

ပုဏ္ဏမဆိုတာက အပြည့်၊ လပြည့်နေ့၊ အဲဒီလပြည့်တဲ့နေ့မှာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက လလေးကလည်းထွက်လာတဲ့အခါ၊ တောထဲမှာရှိတဲ့ သံဃာငါးရာနဲ့တစ်ပါး၊ ဘုရားပူဇော်ပသရန်လာကြတယ်။

သူကလည်းလာတဲ့အချိန်ကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သံဃာတွေအလယ်ထိုင်ပြီးသကာလနေတဲ့အခါမှာ၊ ငါတို့ငါးရာထဲက ဆရာလုပ်တဲ့ ကိုယ်တော်က ရဟန္တာဝါ တပည့်တွေကမသိသေးလို့ ဘုရားသိသလို သူတို့ဆရာ ဟောထားတဲ့တရား။

## ပုစ္ဆာလေးရှိလို့မေးပါရစေ

ကျင့်စဉ်ဟောထားတဲ့တရားဟာလည်း၊ ဘုရားနဲ့မေးမြန်းတဲ့အထဲမှာ ပါသွားလို့ရှိရင်၊ ဩော် သူတို့ဆရာဟောတာတွေကလည်း၊ ဘုရားဟောတဲ့တရားပဲလို့၊ တစ်ခါတည်းယုံကြည်လေးစားမှု ပိုလာလောက်အောင်လို့ သူကကပျာကယာထတဲ့ပြီး၊ သံဃာထဲကမှထပြီး သင်္ကန်းလေးလက်ကန်တော့ထိုးပြီး၊ အရှင်ဘုရား ပုစ္ဆာလေးရှိလို့ မေးပရစေ၊ ဒီလိုလျှောက်တယ် ရဟန်းကြီးက၊

အေးကွာ မေးဇတာ့မေးတာပေါ့၊ မေးပေမဲ့ မင်းနေရာမင်း ထိုင်ပြီးမေးကွ၊ မင်းနေရာမင်းထိုင်ပြီးမေး၊ မတ်တတ်ကြီးမမေးနဲ့၊ ဒီလိုပြောလိုက်ပါတယ်။

ဒီလိုပြောလိုက်တဲ့အခါကျတော့၊ သူ့အမေးဟာ ဘုရားက အဖြေပေးဖို့ လိုတဲ့အမေးမဟုတ်ဘူး၊ ဘုရားက ဟုတ်ပါတယ်လို့ပြောဖို့ပဲ၊ အဖြေတစ်ခု ရှာပြီးပေးနေဖို့ အမေးဟုတ်ဘူး။

## ဥပါဒါနက္ခန္ဓာ

ဥပါဒါနက္ခန္ဓာဆိုတာဘုရား၊ ခန္ဓာငါးပါးကို ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ဆိုတဲ့ခန္ဓာငါးပါးကိုဆိုတာ ဟုတ်ပါ့ရဲ့လားဘုရား။

အေး ဟုတ်တယ်ကွ၊ မင်းခန္ဓာကြီးက ဥပါဒါနက္ခန္ဓာ ပေါ့ဆိုတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလည်း ဖြေလိုက်တဲ့အခါမှာ၊ သူသိပြီးသားကို နောက်ကရဟန်းတွေကြားအောင်လို့၊ ဩော် ဒို့ဆရာဟောထားတာက အရင်ကဒီအတိုင်းဥပါဒါနက္ခန္ဓာ ငါးပါးဆိုတာ ဒီအတိုင်းဟောတာ၊ ဘုရားမေးတော့လည်း. . . ဒါဆိုတာမဟုတ်ဘူးလားဘုရား ဆိုတော့၊ ဒါပဲဆိုတာပါပဲလို့ထောက်ခံမှု အကြီးအကျယ်ရအောင်လို့ မေးတဲ့အမေးလို့ မှတ်ရမယ် (တင်ပါ့ဘုရား)

ဒါဖြင့်ဘုရား သာဓုပါဘုရား တဲ့၊ တပည့်တော်မှာ ကျေကျေနပ်နပ်ပဲရှိသွားပါပြီ၊ ဒီဥပါဒါနက္ခန္ဓာငါးပါးက မိမိခန္ဓာဖြစ်စေ၊ သားသမီးခန္ဓာ ဖြစ်စေ ဘယ်သူကြောင့် ဖြစ်တာတုံးဘုရား။

## ဥပါဒါနက္ခန္ဓာဆိုတာ တဏှာဆန္ဒကြောင့်

အိုး. . . . တဏှာ ဆန္ဒကြောင့်ဖြစ်တာ၊ ဥပါဒါနက္ခန္ဓာ ဆိုတာ တဏှာဆန္ဒကြောင့်ဖြစ်တာကွ၊ တဏှာဆန္ဒနဲ့ဆုတောင်းလိုက်လို့ရတာကွ။

တဏှာနဲ့ ဆုတောင်းတော့ခန္ဓာကြီးရတယ်၊ ရတော့ သူလိုချင်လို့တောင်းထားတဲ့ ခန္ဓာက ၊ သူစွဲလမ်းလို့ရတာဖြစ်သောကြောင့် ဥပါဒါနက္ခန္ဓာကွ၊ တဏှာကြောင့်ဖြစ်ပေါ်လာတဲ့ ခန္ဓာမို့ သူဥပါဒါနက္ခန္ဓာလို့ ခေါ်ရတယ်ကွ။

ဒါဖြင့် မင်းတို့ ကိုယ့်ခန္ဓာကြီးဟာ၊ ကိုယ့်စွဲလမ်းမှုကြောင့် ခန္ဓာကြီး ပေါ်လာတာလားလို့ မေးလို့ရှိရင်ဖြင့်၊ နောက်ဘဝက ဘဝများစွာက ဒီခန္ဓာကို စွဲလမ်းမှုကြောင့် ဒီခန္ဓာရချင်လို့ရတာ၊ ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ခန္ဓာအလိုလိုပေါ်လာတာ မဟုတ်ပါဘူးတဲ့၊ ကိုယ့်တဏှာ ဆန္ဒစွဲလမ်းမှုကြောင့် ဖြစ်ပေါ်လာတဲ့ ခန္ဓာပါကွာလို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဖြေလိုက်တယ်။

အဲဒါကြောင့် ဥပါဒါနက္ခန္ဓာ၊ အနုပါဒါနက္ခန္ဓာကို ဆရာဘုန်ကြီးက ကြားထဲရှင်းပါ့မယ်၊ ဒါက ကြားဝင်တဲ့ စကား ဒကာ ဒကာမတွေ ဗဟုသုတ တိုးသထက် တိုးအောင်လို့။

## စွဲလမ်းရင် ဥပါဒါနက္ခန္ဓာ

စွဲလမ်းရင် ဥပါဒါနက္ခန္ဓာ၊ မစွဲလမ်းလို့ရှိရင် ဥပါဒါနက္ခန္ဓာ ဘာမှမဖြစ်ဘူး (တင်ပါ့ဘုရား)။

ခု ဝမ်းကိုက်တယ်လို့ပြောတာ ဘယ့်နှယ်များ နေကြည့်မတုံး၊ ကျောင်းသွားများပျက်နေချည့်မလား၊ စာမေးပွဲက နီးပါဘိနဲ့ ဆိုတဲ့ ဥပါဒါနက္ခန္ဓာ လာတော့တာဘဲ (တင်ပါ့ ဘုရား) ကိုယ်က စွဲလမ်းတာ (တင်ပါ့ဘုရား)။

ဒါကြောင့် ကလေးခန္ဓာက ဥပါဒါနက္ခန္ဓာ ကိုယ်သန္တာန်မှာလည်း တဏှာဆန္ဒ၊ အဲဒီ တဏှာနဲ့ ဟိုခန္ဓာနဲ့ သွားဆက်တယ်၊ ဒါကြောင့် ဟိုကလေး ခန္ဓာကလည်း ဥပါဒါနက္ခန္ဓာ ၊ ကိုယ့် တဏှာက ဥပါဒါန် ဟိုကခန္ဓာ ပေါင်းလိုက်တဲ့ အခါကျတော့ ဥပါဒါန်နဲ့ ခန္ဓာနဲ့ သွားရော တယ် (တင်ပါ့ဘုရား)။

ကလေးကအရောခိုင်းတာလား၊ လူကြီးက အရော ခိုင်းတာလား ဆိုတာမောင်ချစ်ဆွေ အဖြေထွက်ရမယ်ကွ (လူကြီးက သွားရော တာပါဘုရား)။ ဩော် မရော ကောင်းတဲ့နေရာလို့ မသိဘူးနော်၊ ခေါင်းကိုက်ထဲ သွားရော တာ မရောကောင်းတဲ့နေရာ (တင်ပါ့ဘုရား)။

ဝေဒနာရှိတဲ့ နေရာဆိုတာဟော့၊ ဒီနေရာ ပလိ ဖြစ်တယ်ဆို ပြေးကြစို့ဟေ့ လုပ်ရတာ၊ ဒီနေရာ ကျော ပေါက်တယ်ဆို ပြေးကြစို့ဟေ့ လုပ်ရတာ (မှန်ပါဘုရား) ဒီလို ရှောင်ရတာ ဥပါဒါနက္ခန္ဓာ မဟုတ်တော့ ပြေးနိုင်တယ် (တင်ပါ့ဘုရား) ဥပါဒါနက္ခန္ဓာ ဖြစ်နေတော့ ဝေဒနာထဲ တိုးလိုက်တယ် (တင်ပါ့)။

အဲဒါကျတော့ ဥပါဒါနက္ခန္ဓာ၊ ပြေးလိုက်တဲ့အခါကျတော့ ဥပါဒါနက္ခန္ဓာ မဟုတ်ဘူး (တင်ပါ့ဘုရား) ဒီအိမ်ကြီးစွန့်ပြေးလိုက်တာ ဒါ ဥပါဒါနက္ခန္ဓာ မဟုတ်လို့ပြေးတာ (မှန်ပါ့ဘုရား)။

အခုတော့ ဘယ့်နှယ်နေကြတုံးလို့မေးတဲ့အခါကျတော့၊ ဝေဒနာဒီနေရာဖြစ်လို့ရှိရင်ပြေးရတာ၊ မစွဲလမ်းရင်ပြေးနိုင်တယ်၊ စွဲလမ်းလို့ရှိရင်ကော ဖြစ်ခြင်းဖြစ် ကိုယ်ပဲဖြစ်ပါတော့၊ နှုတ်ယူလို့ရရင် ကိုယ်ပဲ ဖြစ်ချင်ပါတယ်၊ တယ်လွန်ပါလား လို့ဆိုလို့ရှိရင် လွဲကိုမလွဲဘူး၊ သဘောကျကြပလား (သဘောကျပါပြီဘုရား)

ကလေးဆိုတာ ဘာမပြောတတ်၊ ညာမပြောတတ်နဲ့၊ ဘယ်လိုမထိန်းတတ်၊ ဘယ်လိုမသိမ်းတတ်နဲ့၊ ဘယ်လိုဆေးဝါးဘယ်လိုရှာကြံပြီးမသုံးတတ်၊ အစာကိုလည်းမရွေးတတ်နဲ့ ဖြစ်ခြင်းဖြစ် ကိုယ်သာဖြစ်လိုက်ချင်တယ်၊ သူတို့ ဖြစ်တာတော့ဖြင့် ကျုပ်မကြိုက်ဘူး။

## ဝေဒနာနဲ့ခန္ဓာနဲ့သွားရောတယ်

မကြိုက်ချင်မကြိုက်ငြားသော်လည်း ကိုယ်က ဝေဒနာထဲ သွားရောပြီ၊ မကြိုက်ဘူးဆိုပြီးသွားရောတာ၊ ဝေဒနာကတော့ မကြိုက်တာအမှန်ပဲ၊ မကြိုက်ပဲနဲ့ ဖြစ်ခြင်း

ဖြစ် ကိုယ်ကပဲ ဖြစ်ပရစေ ဆိုတော့ ကိုယ်ကဝေဒနာထဲ သွားရောတာ (မှန်ပါ့ဘုရား)။

ကိုယ်က ဝေဒနာထဲ တဏှာထဲ သွားရော လိုက်တဲ့အခါ ကျတော့ကို၊ ဟိုက ဝေဒနာက ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ ဒီက ဥပါဒါန်၊ဥပါဒါန်နဲ့ ဝေဒနာက္ခန္ဓာနဲ့ ပေါင်းလိုက်တော့ ဝေဒနာ ဥပါဒါနက္ခန္ဓာ (တင်ပါ့ဘုရား) ဒီလို သွားဖြစ်တယ် ရှင်းရဲ့လား (ရှင်းပါပြီဘုရား) ။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေဟာ ခွဲရမဲ့နေရာရော၊ ရောရမယ့် နေရာကျလို့ရှိရင်ဖြင့် မရော၊ ခွဲနေ ဖြစ်မှဖြစ်ရလေတယ် (တင်ပါ) ဆိုရမှာပဲ။

ဝေဒနာဆိုတာ ဘယ်ဝေဒနာမှ ဒုက္ခ ဝေဒနာ ဟူသ၍ဟာ ရှောင်ရမှာ၊ ကျဉ်ရမှာ၊ ရှားရမှာချည်းဆိုတာ မောင်ချစ်ဆွေသိပြီးသား (တင်ပါ့ဘုရား)။

အခုတော့ ဘယ့်နှယ်နေတုံး ပူတယ်၊ မင်းချည်း ပူလို့ပြီးတာ မဟုတ်ဘူး၊ ကိုယ်လည်းပူရ၊ ဖြစ်တာပြောမှ အစရှိသည်နဲ့သွားရောတာကို (တင်ပါ) ရှင်းပလား (ရှင်းပါပြီဘုရား)။

ရောတော့ ဟိုကဝေဒနာနဲ့ဒီက ဥပါဒါန်နဲ့ ပေါင်းလိုက် ဥပါဒါနက္ခန္ဓာ သွားဖြစ်တယ် ရှင်းပလား (ရှင်းပါပြီဘုရား) မင်းတို့ဟာက မရောကောင်းတဲ့နေရာ ဘာလုပ်ကြတုံး (သွားရောပါတယ်ဘုရား) ခက်ကိုခက်ရချည်းရဲ့။

မရောကောင်းဘူး၊ ဝေဒနာဖြစ်တော့ ခုနင်က ဥပမာပြခဲ့တယ်၊ ဒီနေရာ ပလိပ်ဖြစ်တယ်ဆိုတော့ ဝေဒနာနဲ့ မရောကြဘူး ပြေးကြတယ်၊ မင်းတို့ဥစ္စာက တချို့နေရာ ကြတော့လည်းတဏှာ မပါတဲ့နေရာကျတော့ ပြေးတယ်၊ တဏှာပါတဲ့ နေရာကျတော့ ရောတယ်။

## ဥပါဒါန်နဲ့ခန္ဓာတခြားစီလား

ဒါကြောင့် ဒီခန္ဓာကြီးကို တဏှာနဲ့ တွဲနေတဲ့ ခန္ဓာဖြစ်သောကြောင့် ဥပါဒါနက္ခန္ဓာ (တင်ပါဘုရား) ဒီနေ့ တရားနဲ့တော့ ဒီနေ့ဖြစ်စဉ် နဲ့တော့ သိပ်ကိုက်တာ၊ သိပ်ကိုက်အောင်လည်းဟောတာ၊ ရဟန်းက မေးသကို၊ ဥပါဒါန်နဲ့ ခန္ဓာနဲ့က တခြားစီလား(တင်ပါ့ဘုရား)။

## အတူတူပဲလား

တခြားစီလည်း မဟုတ်ဘူးကွ၊ အတူတူပဲလား၊ ဘူလည်းမတူဘူးကွ(တင်ပါ့ဘုရား)၊ တခြားစီလည်း မဟုတ်ဘူး၊ တူလည်းမတူဘူးတဲ့။

စွဲလမ်းတဲ့ ပုဂ္ဂိုလ်မှာ ဥပါဒါနက္ခန္ဓာ ၊ မစွဲလမ်းတဲ့ ပုဂ္ဂိုလ်မှာအနုပါဒါနက္ခန္ဓာ၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

စွဲလမ်းတဲ့ ပုဂ္ဂိုလ်မှာ (ဥပါဒါနက္ခန္ဓာ ပါဘုရား) မစွဲလမ်းတဲ့ ပုဂ္ဂိုလ်ကျတော့ (အနုပါဒါနက္ခန္ဓာ)။

ကိုယ့်နားမှာ တစိမ်းလေးတစ်ယောက်က ကျောက်ပေါက်နေတဲ့အခါကျတော့၊ ဒို့အိမ်က ကလေးတွေနဲ့ မဖြစ်ပါဘူး၊ ရွှေဦးမှ ကောင်းမယ်၊ အဲတော့ အနုပါ ဒါနက္ခန္ဓာသွားဖြစ်တယ် မရောချင်ဘူး၊ ခန္ဓာပေမယ့် ဒီလို နှစ်မျိုးရှိတယ်၊ ရှင်းပလားကွ (ရှင်းပါပြီဘုရား)။

ဩော် ဒကာ ဒကာမတွေ ဥပါဒါနက္ခန္ဓာနဲ့ အနုပ်ဒါနက္ခန္ဓာ ဆိုတာဟာ၊ ကိုယ်သန္တာန်နှစ်ခုဖြစ်ပြီး သကာလနေပါရဲ့သားနဲ့၊ ခွဲခြားပြီး သကာလမသိဘူး ဆိုတဲ့ ဥစ္စာလည်းဆရာသမားကောင်းမရလို့ရှိရင် ဒါ ဘယ်နည်းနဲ့မှ မသိဘူး တချို့ခန္ဓာကျတော့ ခွဲနေတယ်၊ တချို့ ခန္ဓာကျတော့ သွားရောတယ်၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

တချို့ခန္ဓာကျတော့ (သွားခွဲပါတယ်ဘုရား တချို့ကျတော့ကောသွားရောတယ် (တင်ပါဘုရား သွားရောတာဆိုလို့ရှိရင် ဥပါဒါနက္ခန္ဓာ သွားဖြစ်တယ် (တင်ပါဘုရား)၊ ခွဲလိုက်လို့ရှိရင် အနုပါဒါနက္ခန္ဓာ သွားဖြစ်တယ် (တင်ပါ) မစွဲလမ်းတဲ့ ခန္ဓာ သွားဖြစ်တယ်။

## ခွဲလမ်းရင် ဥပါဒါနက္ခန္ဓာ

ခန္ဓာတော့ခန္ဓာပဲတဲ့၊ သို့သော် အပါယ်မကျတဲ့ခန္ဓာ သွားဖြစ်တယ် (တင်ပါ) ခွဲလမ်းလို့ရှိရင် ဥပါဒါနက္ခန္ဓာ ဖြစ်သောကြောင့် တဏှာ၊ ဥပါဒါန်၊ ကံ၊ ဇာတိ၊ ဇရာ၊ မရဏာဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်သွားတယ် (တင်ပါဘုရား)။

မခွဲလမ်းတဲ့အခါကျတော့ တဏှာချုပ်၊ ဥပါဒါန်ချုပ်၊ ကံချုပ်ရှင်းကြပလား (ရှင်းပါပြီးဘုရား) ဒါကြောင့် ရဟန်းရေ . . . ဥပါဒါနက္ခန္ဓာ ဆိုတာကွ တခြားစီလို့လည်းမဆိုနဲ့၊ အတူတူလို့လည်းမဆိုနဲ့၊ ခွဲလမ်းတဲ့ ပုဂ္ဂိုလ်တစ်မျိုးလို့ မှတ်လိုက် (တင်ပါဘုရား)၊ မခွဲလမ်းတဲ့ ပုဂ္ဂိုလ်တစ်မျိုးလို့ မှတ်လိုက်။

အတူတူလို့တော့ ဆိုလို့ မရဘူးတဲ့၊ ပုဂ္ဂိုလ် အကြိုက် တွေက အမျိုးမျိုးဖြစ်နေတာ (တင်ပါ) ရှင်းပလား (ရှင်းပါပြီ ဘုရား) ပုဂ္ဂိုလ် အကြိုက်က အမျိုးမျိုးဖြစ်ပြီး သကာလ၊ တချို့ကျတော့ ဥပါဒါနက္ခန္ဓာ သွားဖြစ်တယ် (တင်ပါ့ဘုရား) တချို့ကျတော့လည်း အနုပါဒါနက္ခန္ဓာ သွားဖြစ်တယ် ရှင်းပလား (ရှင်းပါပြီဘုရား)။

## နွားနဲ့ကြိုးဥပမာ

အဲတော့ကို. . . ဥပါဒါနက္ခန္ဓာနဲ့ အနုပါဒါနက္ခန္ဓာ ဆိုတာကွာတဲ့၊ နွားနဲ့ကြိုးလို့ မှတ်ရမယ်တဲ့၊ နွားနဲ့ကြိုးနဲ့ ခွဲနေလို့ရှိရင်လည်း နွားတခြားကြိုးတခြားပဲ၊ နွားနဲ့ ကြိုးသွားတွဲ လို့ရှိရင်လည်း၊ ဩော် ကြိုးနဲ့နွားလို့ ဆိုရမှာပဲ၊ ရှင်းပလား (ရှင်းပါပြီဘုရား)၊ ကြိုးနဲ့နွားလို့ ဆိုရမှာပဲ (တင်ပါ)။

ကြိုးနဲ့ခွဲနေတဲ့ နွားကျတော့လည်း နွားလွတ် ဘေးမဲ့ပေါ့ ဒီလိုဆိုရမှာပဲ၊ ကြိုးနဲ့နွားဆိုရင် ဘေးမဲ့ မဟုတ်ဘူးပေါ့ ဘေးတွေ့ လိမ့်မယ်ပေါ့ (တင်ပါ့ဘုရား) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် သွားပြီး ကြိုးနဲ့ သွားတွဲလို့၊ ဥပါဒါန်နဲ့သွား တွဲ လိုက်တဲ့အခါကျတော့ ဘေးမဲ့မဖြစ်ဘူး (မဖြစ်ပါဘူး ဘုရား) သဘောကျပလား (သဘောကျ ပါပြီဘုရား) ။

ဒါဖြင့် ဩော်. . . အမေမိဘ ဆိုတာတော့ ဘုရား၊ မပြောနဲ့တော့ မပြောနဲ့ဆို ပြောစရာကို မရှိဘူး သူ့ဟာက၊ ပြောစရာကိုမရှိဘူး၊ တပည့်တော် အမိုက်ကမ်းကုန်ပေါ့လို့ ပြောလိုက်ပေါ့ပဲ၊ အမိုက်ကမ်းကုန်ပဲလို့ ပြောလိုက်တဲ့ အခါကျတော့၊ မပြောနဲ့တော့ ဆိုတဲ့စကားဟာက တစ်ခါ တည်း ဖြစ်ချင်သလို ဖြစ်တော့မယ်ဆိုတဲ့ဥစ္စာ တာဝန်

ခဲ့လိုက်တဲ့ အမိပ္ပါယ်ရောက်တယ်၊ မရောက်ဘူးလား(ရောက်ပါတယ်ဘုရား)။

ဒီလိုပြောမဲ့လူမရှိလို့ရှိရင် ဥပါဒါနက္ခန္ဓာ ဖြစ်နေရတာကိုပဲ၊ သူ့စိတ်ထဲမှာ ပျော်တော့မပျော်ဘူး၊ ဖြစ်ထိုက်တယ်ထင်ပြီးဖြစ်နေတာ၊ ပျော်တော့လည်းမပျော်ဘူး (တင်ပါဘုရား) ဖြစ်ထိုက်တယ်ထင်ပြီး သကာလဖြစ်နေတာပဲ၊ ပျော်လို့ဖြစ်တာတော့မဟုတ်ဘူး။

ကျန်းမာတုန်း ကြည့်နေရင်တော့ ဥပါဒါနက္ခန္ဓာက ပျော်လို့ဖြစ်တာ၊ မကျန်းမာတဲ့အခါကျလို့ရှိရင် ပျော်လို့ဖြစ်တာမဟုတ်ဘူးတဲ့၊ စွဲလမ်းလို့ဖြစ်နေတဲ့ ဥပါဒါနက္ခန္ဓာ၊ ရှင်းကြပလား (ရှင်းပါပြီဘုရား) ပျော်လို့ဖြစ်တာလည်းရှိတယ်။ မပျော်လို့ မဖြစ်တဲ့ ဥပါဒါနက္ခန္ဓာလည်းရှိတယ်၊ ဒါက ဆရာက ထည့်တယ်လို့ မှတ်ပေတော့ ရှင်းကြပလား (ရှင်းပါပြီ ဘုရား)။

## မစွဲလမ်းရင် အနုပါဒါနက္ခန္ဓာ

သြော်-ဒါဖြင့် ဥပါဒါနက္ခန္ဓာဆိုတာဟာ ရဟန်းက မေးလိုက်တယ်၊ အရှင်ဘုရား အတူတူပဲလားလို့၊ မတူဘူးကွ၊ တစ်ချို့ကျတော့ အနုပါဒါနက္ခန္ဓာဖြစ်တယ်ကွ မစွဲလမ်းတဲ့ ပုဂ္ဂိုလ်၊ သွားမရောတဲ့ပုဂ္ဂိုလ်ကျတော့ အနုပါဒါနက္ခန္ဓာပေါ့ကွာ မှန်ပါ့ဘုရား)။

ရောတဲ့ပုဂ္ဂိုလ်ကျတော့ (ဉပါဒါနက္ခန္ဓာ) ကိုယ့်သန္တာန် ရှိတဲ့တဏှာနဲ့သွားပြီး ဆက်နေတဲ့ ပုဂ္ဂိုလ်ကျတော့၊ ကိုယ့်ခန္ဓာ က ဉပါဒါနက္ခန္ဓာ၊ ကိုယ့်တဏှာနဲ့ ကိုယ့်ခန္ဓာဆက်ရင် ဉပါဒါ နက္ခန္ဓာ၊ (တင်ပါ့ဘုရား)။

ကိုယ့်သားသမီးခန္ဓာနဲ့ ကိုယ့်တဏှာနဲ့ သွားဆက် ရင်လည်း ဉပါဒါနက္ခန္ဓာ၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဉပါဒါနက္ခန္ဓာဆိုတော့ကို ဒီနေရာမှာ သတိထားရမှာ၊ ဉပါဒါနက္ခန္ဓာဖြစ်လို့ရှိရင်ဖြင့်တဲ့၊ တဏှာနဲ့သွားပြီး ခင်လိုက် တော့၊ ဟိုကဉပါဒါနက္ခန္ဓာက ဒုက္ခသစ္စာ၊ ဒီက သမုဒယ သစ္စာ (တင်ပါဘုရား) ဟိုကနှိပ်စက်တာ ရှင်းပလား (ရှင်းပါပြီ ဘုရား)။

အဲတော့ကို ဘေးမဲ့နေတဲ့ ပုဂ္ဂိုလ်က ဘေးရှာတာ၊ ဘယ့်နှယ်ဆိုကြမတုံး (ဘေးမဲ့နေတဲ့ပုဂ္ဂိုလ်ကဘေးရှာတာ ပါဘုရား) အဲဉပါဒါနက္ခန္ဓာ သွားရောလို့ရှိရင် ဘေးမဲ့က ဘေးထဲတိုးလိုက်တာ၊ မရောပဲ နေလို့ရှိရင်ဖြင့် ဘေးမဲ့ ဘေးမဲ့ပဲလို့ မှတ်လိုက်စမ်းပါ၊ ရှင်းပလား (ရှင်းပါပြီဘုရား)

## စိတ်သွားကာတစ်မျိုး

အဲတော့ ဒကာ ဒကာမတွေက ဘေးကင်း ရန်ကင်း များ ဖြစ်ချင်လိုက်တာ လာသေးသူတို့က ဘေးကင်းရန်ကင်း

ဖြစ်ချင်တယ်တဲ့၊ စိတ်သွားကတစ်မျိုးကွ၊ အလုပ်သွားက တစ်ဖုံကွ၊ စိတ်သွားက (တစ်မျိုးပါဘုရား) အလုပ်သွားက (တစ်ဖုံပါဘုရား) အမယ်လေးကြား၊ မကြားဘူးပါလား။

စိတ်သွားကတော့ ဘေးကင်းရန်ကင်း ဖြစ်ချင်လိုက်တာ၊ အလုပ်သွားတော့ ဘေးသွားပြီးတွဲတာပဲ၊ ပူစရာရှိအတူတူ ပြောပါလား၊ ကုန်ကုန်စင်စင် အလကားတစ်ယောက်သွားပေးလိုက်စမ်းဆို ဘယ်နှယ့်လုပ်မတုံး၊ ဘယ်သူ ဘာတတ်နိုင်မှာတုံး၊ ပူစရာရှိ အတူတူဆိုတော့ ဒါဘေးထဲ တိုးတာ ဟုတ်မဟုတ် မောင်ချစ်ဆွေ (ဟုတ်ပါတယ်ဘုရား)။

"ကိုချစ်ဆွေကြည့်ရတာ မှိုင်တိုင်တိုင်နဲ့ ပျော်မည့်ပုံကို မရှိဘူး၊ လင်နဲ့မယားပဲ၊ ဒီပြင်ဘယ်သူရှိသေးသတုံး" အစရှိသည်နဲ့နာအောင်တောင်ပြောလိုက်သေးတယ် (တင်ပါ့ဘုရား) ဒါဘေးထဲတိုးလိုက်တာကိုကွ၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ခင်ဗျားတို့စကားပြောပေမဲ့၊ ဒီဒကာ ဒကာမတွေပြောတာက ဘေးထဲတိုးချင်တဲ့အသံကတစ်မျိုး၊ ဘေးလုပ်ချင်တယ်လို့ပြောတာကတစ်မျိုး၊ ဘယ်ဟာယုံရမှာလည်း မသိဘူးကွ၊ ဘေးထဲမတိုးပါနဲ့ ဘယ်နှယ့်နေတုံးကွ (မနေနိုင်ပါဘုရား) မတိုးပဲလည်းမနေနိုင်၊ ဘေးကြိုက်ရင် ဒါတွေကတိုးပြန်တယ်

ရှုကိုပြောတယ်၊ အရှုကဆေးဘက်လှည့်ရမဲ့ အရှုမျိုးထဲပါဝင်သွားတယ် (တင်ပါဘုရား) ဒါကြောင့် ဘုရားအဆူဆူလွဲတာပေါ်ကြပလား (ပေါ်ပါတယ်ဘုရား) ပေါ်သွားပြီပေါ်သွားပြီ။

တော်တော်အမေးကောင်းတဲ့ ရဟန်းပဲကွ၊ တော်တော်အမေးကောင်းတဲ့ ရဟန်းပဲဆိုတာလည်း အစ်မထို့သေချာသွားတယ်နော် (သေချာပါတယ်ဘုရား) တခြားစီလား၊ တခြားစီလည်းမဟုတ်၊ အတူတူလား အတူတူလည်းမဟုတ်ဘူးကွ (တင်ပါဘုရား)။

တခြားစီလည်းမဟုတ်ဘူးတဲ့၊ အတူတူလည်းမဟုတ်ဘူးတဲ့၊ သွားတိုးတဲ့ပုဂ္ဂိုလ်ကျတော့ ဥပါဒါနက္ခန္ဓာဖြစ်တယ်ကွ၊ မတိုးတဲ့ပုဂ္ဂိုလ်ကျတော့၊ အနုပါဒါနက္ခန္ဓာဖြစ်တယ် ဆိုတော့ သူ့ဟာရှင်းနေပြီပေါ့ (ရှင်းပါပြီဘုရား) သဘောကျပလား (သဘောကျပါပြီဘုရား)။

## မီးသတ်သမားလိုမီးဆိသွားတယ်

အဲတော့ကို လောကကြီးက ဘယ်လိုဖြစ်နေတုံးဆိုတော့ မီး၊ မီးတဲ့ဆိုလို့ရှိရင် ဒကာဒကာမတွေက မီးသတ်သမားတွေကျနေတယ်၊ မီးမီးဆိုလို့ရှိရင် သူတို့ရှေ့က ပြေးချင်တယ်၊ သူများရှေ့က ကန့်လန့်လုပ်နေရင် သူတို့တိုက်ပစ်မယ်၊

မီးဆီ အရင်ပြေးတာကို၊ ဟ! ဘာဖြစ်လို့ မင်းအပြေးသန်တာ တုံး မီးရှောင်တာလား၊ မီးထဲတိုးမှာလားလို့မေးရင် ဘယ့်နှယ့် ဖြေကြမတုံး (မီးထဲတိုးတာပါဘုရား)။

မတွေ့မှာစိုးလို့ ရှေ့ကားတွေကို တစ်ခါတည်း ဟွန်းတီးချက်ပေးပြီး လမ်းတွေ့တိုက်(တင်ပါဘုရား)။

ဒီဒကာ ဒကာမတွ အကြောင်းရှိလို့ပြေးလာတဲ့ အ ချိန်မှာလည်း လမ်းခလုပ်တိုက်တာ ဒါပဲကွ(မှန်ပါဘုရား) မီးဆီ ပြေးတာကျုပ်က မြင်ရမှကျေနပ်တာနော် ဘယ်လိုမှစိတ်မရှိနဲ့ (တင်ပါဘုရား) တိုက်ခဲ့တာပေါ့ကွာ(တင်ပါဘုရား)။

အဲဒီကျအောင်တစ်ခါတည်း ဥပါဒါနက္ခန္ဓာက ဒကာ ဒကာမတွေကိုဥပါဒါနက္ခန္ဓာကြိုက်နေတာ အလွန်သေချာ သွားတယ်၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

## နတ်ပြည်ဗြဟ္မာ့ပြည်ဆုတောင်း

ဒါဖြင့်နတ်ပြည်ဆုတောင်း၊ ဗြဟ္မာ့ပြည်ဆုတောင်းတဲ့ ပုဂ္ဂိုလ်များ၊ သြော် ဥပါဒါနက္ခန္ဓာ ကြိုက်တာပဲ၊ ပေါ်ပလား (ပေါ်ပါပြီဘုရား) ဘာကြိုက်တာတုံး (ဥပါဒါနက္ခန္ဓာကြိုက်တာ ပါဘုရား) ဥပါဒါနက္ခန္ဓာကိုကြိုက်တယ် (တင်ပါ) ဥပါဒါန်နဲ့ ခန္ဓာနဲ့ တွဲချင်တယ်ကွ၊ ဥပါဒါန်ဆိုတဲ့တဏှာနဲ့ ခန္ဓာနဲ့ဟာ သားတဲချင်တယ်၊ သဘောကျပလား (သဘောကျပါပြီ

ဒါဖြင့် ဥပါဒါနက္ခန္ဓာဖြစ်နေလို့ရှိရင် နိဗ္ဗာန်မရနိုင်ဘူး၊ အနုပါဒါနက္ခန္ဓာဖြစ်မှ နိဗ္ဗာန်ကလည်းရမှာ (တင်ပါဘုရား) ဥပါဒါန်နဲ့ခန္ဓာနဲ့သာ နေကြတော့မယ်။

ဥပါဒါနက္ခန္ဓာနဲ့ သာနေကြတော့မယ်ဆိုလို့ရှိရင် နိဗ္ဗာန်မရနိုင်ဘူး ရှင်းပလား (ရှင်းပါပြီဘုရား) အနုပါဒါနက္ခန္ဓာနဲ့နေတဲ့ ပုဂ္ဂိုလ်တွေကျတော့ နိဗ္ဗာန်ရတယ်၊ ဩော်တယ် ထူးခြားပါလား (ထူးခြားပါတယ်ဘုရား) ထူးခြားတယ်နော်။

အဲတော့ ကိုယ့်ဖြစ်စဉ်လေးပေါ်တိုင်း ပေါ်တိုင်းလည်း၊ ဒီဟာလေးတွေက ဥပါဒါ နက္ခန္ဓာဖြစ်တော့မလို့လား၊ နိဗ္ဗာန်မရတဲ့ ခန္ဓာဖြစ်တော့မလို့လား၊ နိဗ္ဗာန် ရတဲ့ခန္ဓာဖြစ်တော့မလို့လားလို့ ကိုယ့်ကိုယ်ကို မေးခွန်းလေးများလည်း ထုတ်ကြပါဦး သတိပေးရတယ်၊ မပေးထိုက်ဘူးလား (ပေးထိုက်ပါတယ်ဘုရား)၊ အခုအရမ်းတိုးလာတယ်၊ ဘယ့်နှယ့်ကြောင့် ဒီလောက်ဖြစ်ရတာတုံး၊ ဥပါဒါနက္ခန္ဓာဖြစ်ချင်လို့ ရှင်းပလားကွ (ရှင်းပါပြီဘုရား)။

စွဲလမ်းတာလည်း ဘာဖြစ်ချင်လို့ပါလိမ့် (ဥပါဒါနက္ခန္ဓာဖြစ်ချင်လို့ပါဘုရား) ဥပါဒါနက္ခန္ဓာဆိုတဲ့ဥစ္စာသည် နိဗ္ဗာန်တားမြစ်တဲ့ ခန္ဓာ (တင်ပါ့ဘုရား) သဘောပါပလား (သဘောပါပါပြီဘုရား)။

အနုပါဒ်ါနက္ခန္ဓာသည် နိဗ္ဗာန်ကို ကျေးဇူးပြုတဲ့ခန္ဓာ (တင်ပါဘုရား) ပေါ်ပလား (ပေါ်ပါပြီဘုရား) ဥပါဒါနက္ခန္ဓာက (နိဗ္ဗာန်တားမြစ်တဲ့ခန္ဓာ) တားမြစ်တဲ့ခန္ဓာ၊ အနုပါဒါနက္ခန္ဓာက (နိဗ္ဗာန်ကျေးဇူးပြုတဲ့ ခန္ဓာ) ရောက်အောင်ပို့တယ် (တင်ပါဘုရား)။

မစွဲလမ်းတော့ သူ့ သင်္ခါရေ ပရတော ပဿဆိုတာ ဩော်- ဒါတစိမ်းတွေပဲ ပြင်ပတွေပဲလို့ ရှုလိုက်တော့၊ အင်း ဥပါဒါန်ချုပ်သွားတာပေါ့ (တင်ပါဘုရား) ချုပ်ဘူးလား (ချုပ်ပါတယ်ဘုရား) သင်္ခါရေ-သင်္ခါရဖြစ်တဲ့ ရုပ်နာမ်ဓမ္မတို့၊ ပရတော-သူစိမ်းပြင်ပအားဖြင့်၊ ပဿ-ရှုပါကွာ၊ ဒါကျတော့ အနုပါဒါနက္ခန္ဓာ သွားဖြစ်တယ်၊ ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီနှစ်လုံးဟာ အနေမတတ် အထိုင်မတတ်တဲ့ ပုဂ္ဂိုလ်တွေအတွက်မှာဖြင့်၊ အခက်ကြီး ခက်တော့မှာပဲဆိုတာ ပေါ်လာတယ်၊ မင်းတို့ နေတတ်ထိုင်တတ်ဖို့ကို မလွယ်သေးဘူး (မလွယ်ပါဘူးဘုရား) ရှင်း‌ လား (ရှင်းပါပြီဘုရား) သူများတောင် သင်လိုက်သေးတယ်။

ညည်းတို့က ကိုယ့်သားသမီး တိရစ္ဆာန်လိုနေတာကို ဥပါဒါန်မှ မဖြစ်ပဲကို၊ အောင်မာ သူကတောင် ပြန်ဟောလိုက်သေး၊ အင်း သားသမီးက ဝေဒနာရနေတယ်၊ အမေက

အလုပ်အကိုင် မပျက်လို့ရှိရင်၊ ဩော် . . . လူရယ်လို့ဆို၊ လူ့ပြည်လာပြီး လူဘောင် မဆိုလိုက်ချင်ဘူး၊ ဖြတ်လိုက်တာ လူ့တိရစ္ဆာန်လို့ ကျုပ်ဖြင့် ဆိုချင်တာပဲ ဒါ ဥပါဒါန် မဖြစ်လို့ (တင်ပါဘုရား)။

## မှားလိုက်တဲ့ဖြစ်ခြင်း

ဥပါဒါနက္ခန္ဓာဖြစ်နေတဲ့ ပုဂ္ဂိုလ်ကျတော့ တော်တယ် တော်တယ်၊ မွေးလည်းမွေးတတ်တယ်၊ ကျွေးလည်း ကျွေးတတ်တယ်၊ အပါယ်သွားမဲ့လူကျတော့ (မြှောက်ပေး တယ်) ချီးမွမ်းတယ်၊ အပါယ်မသွားမဲ့ လူကျတော့ ကဲ့ရဲ့တယ်၊ မှားလိုက်တဲ့ဖြစ်ခြင်း မပြောပါနဲ့တော့၊ ဒါ ဉာဏ်စခန်းတွေ ဉာဏ်စခန်းတွေဆိုတာ မောင်ချစ်ဆွေ ပေါ်ပလားကွ။

ကိုယ် ကဲ့ရဲ့တဲ့အထဲက ကဲ့ရဲ့တဲ့သူက ပိုမိုက်နေတာ မသိဘူး၊ သူလိမ္မာတယ်လို့ထင်ပြီးတော့ ကိုယ်မိုက်တာ မသိဘူး၊ သူမျှားလိမ္မာနေတာကို ကိုယ်ကမိုက်တယ်၊ မိုက်တဲ့လူက ဂုဏ်ယူနေတယ်၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

မိုက်တဲ့လူက (ဂုဏ်ယူနေပါတယ်ဘုရား) ပြောတဲ့ လူက မိုက်တယ်၊ ဟိုပစ်ထားတဲ့လူက ဒီလောက်မိုက်တာ မဟုတ်ဘူး၊ (မှန်ပါဘုရား)။

## လောကကြီးထဲမှာ ဘယ်လိုလူများပါလိမ့်

ဒါဖြင့်တဲ့ လောကကြီးထဲမှာဖြင့် ဘယ်လိုလူများပါလိမ့်မတုံးလို့ စစ်တမ်းထုတ်ပါဦးနော်။

ဉပါဒါနက္ခန္ဓာသမားကို ဝိုင်းလက်ခုပ်တီးကြတယ် (တင်ပါ) တော်တယ်တော်တယ်၊ မွေးလိုက်ကျွေးလိုက်၊ ပြုလိုက်စုလိုက်၊ အနုပါဒါနက္ခန္ဓာသမားကို တောကြိုတောင်ကြား ထားပြီးသကာလ လူရာမဝင်တဲ့ အဓိပ္ပါယ်မျိုး သုံးတယ်၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် အလွန်လွဲနေပါပေါ့လား (တင်ပါ လွဲပါတယ်ဘုရား) လောကကြီးကလေ (တင်ပါဘုရား) ဒါဖြင့် ဉပါဒါနက္ခန္ဓာနဲ့ အနုပါဒါနက္ခန္ဓာ၊ သူမကွဲတာကိုကွ (မကွဲပါဘုရား)။

## အမိုက်ကအလိမ္မာလုပ်လာတယ်

မကွဲလို့ ဒီအဓိပ္ပါယ်တွေ ဒီလောက်တောင် အမိုက်က အလိမ္မာလုပ်လာတာ (တင်ပါဘုရား) အမိုက်က (အလိမ္မာလုပ်လာတာပါဘုရား) အမိုက်က အလိမ္မာလုပ်လာတယ်ဆိုတဲ့ အဓိပ္ပါယ် ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ဩော်-ဒါဖြင့် ကိုယ်မိုက်တာတောင်မှ မသိသေးလို့ရှိရင်ဖြင့် အရှုးအနှာပေါက်သလို ဖြစ်နေပြီပေါ့၊ ပုံတော့

ရိုင်းပြီပေါ့ကွာ (တင်ပါဘုရား) အရှုးအနာပေါက်နေတာ အညော်ထဲမှာနေပြီးသကာလ၊ နေပူထဲသွားပြီး အချဉ်ချည်း စားလာခဲ့တယ်၊ အရှုးအနာပေါက်တာ၊ အညော်ထဲသွားကွာ၊ နေပူထဲရောက်သွားကွာ၊ အချဉ်တွေစားကွာ၊ ဘာဖြစ်လို့တုံး၊ မတည့်တာတွေချည်း လုပ်နေ။

ဒီမှာလည်း ဥပါဒါနက္ခန္ဓာသမားဟာ မတည့်တာ လုပ်နေတဲ့ အရှုးကွ၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား) ဘုန်းကြီး သာသာနဲ့နာနာ ပြောနေတယ်လို့ ဒီလို မယူပါနဲ့၊ ကိုယ့်ဖြစ်စဉ် က ဒီအတိုင်းလာတာ (တင်ပါ) အရှုးအနာပေါက်တာ ရိပ်မိကြပလား (ရိပ်မိပါပြီဘုရား)။

အရှုးအနာပေါက်တော့ကို မတည့်တာစားကွာ၊ နေပူထဲ သွားကွာ (အချဉ်စားတယ်) အဲ အချဉ်စားတယ် ဆိုတော့ ဘေးကနေ ကြည့်တဲ့ပုဂ္ဂိုလ်ကတော့ သိတယ်၊ ဩော် စိတ်ပြန့်လွင့်နေတဲ့ ပုဂ္ဂိုလ်များအတွက် ဟောပြောလို့လည်း ရမှာမဟုတ်တော့၊ ဒီလိုများဖြစ်ရမှာ ကြောက်ပါရဲ့၊ သူက ကောင်းနေတဲ့ အချိန် ဒါပြောတာပဲကွ။

## အပယ်ကျဖို့ချည့်ကြံတာ

ဥပါဒါနက္ခန္ဓာဖြစ်တဲ့တစ်နေ့ကျတော့ တော်မသိ ပါဘူး၊ ဆရာမသိပါဘူး၊ ကျုပ်သာသိတယ်၊ လာကုန်ပြီကွာ

(လာပါတယ်ဘုရား) ဥပါဒါနက္ခန္ဓာလေ၊ အရှုံးအနာရ ပကောကွ (မှန်ပါ) အရှုံးအနာရတော့ မတည့်တာဟူသ၍ သူ့ပစ္စည်းချည်းပဲ (တင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီ ဘုရား)။

မတည့်တာဟူသ၍ (သူ့ပစ္စည်းချည်းပါဘုရား) အင်း . . . သေခြင်းဆိုးဖို့ချည်း ကြံတာပဲဟော့၊ အပါယ်လေးပါး ကျဖို့ချည်း ကြံတာပဲဟော့၊ မဆိုထိုက်ဘူးလား (ဆိုထိုက် ပါတယ်ဘုရား) ဒါ ဆုံးမတယ်ဆိုလည်း ဟုတ်တာပဲ၊ ဖြစ်စဉ် မကိုက်ဘူးလားလို့ မေးပြန်လည်း (ကိုက်ပါတယ် ဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား) အမလေး အတော်ပြောတဲ့ ဘုန်းကြီးလို့လည်း မအောက်မေ့ပါနဲ့တဲ့၊ ဖြစ်စဉ်ကိုက်တွေပါ။

အတော်ဆိုးဝါးနေတာကွ၊ ဘေးလူတွေ အကုန် အပုတ်ချ (တင်ပါ) ဘေးကလူတွေ အကုန်အပုတ်ချတော့ အနုပါဒါနက္ခန္ဓာသမားဆိုရင် မလာခဲ့နဲ့၊ ဥပါဒါနက္ခန္ဓာ သမားချင်းဆို ခေါင်းငြိမ့်လိုက်တယ် (တင်ပါ)။

ရှင့်သားလေးတုန်းက ဘယ်လို၊ ရှင့်သမီးလေးတုန်းက ဘယ်လို၊ ဘာနဲ့ပျောက်တယ် ဘယ်လို၊ ဒီလိုအခြေအနေမျိုး မှာ အမေမိဘက ဒီနေရာပေပြီး နေရတယ် အစရှိသည်နဲ့ တစ်ခါတည်း ဥပါဒါနက္ခန္ဓာ သဘောကို ကြီးသထက်ကြီး အောင် သင်ချလိုက်တာ။

တော်တော်သေးတယ် မိတ်ကောင်းတွေ့ပေလို့ဆိုပြီး ဝမ်းမြှားသာလိုက်သေးတယ် (တင်ပါဘုရား) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)၊ ရိပ်မိပြီ၊ လောကကြီးအစ်မရေ ဒီအတော် ခက်တယ်ဆိုတဲ့ဥစ္စာက၊ တကယ်သိတဲ့ပုဂ္ဂိုလ်ကပြောမှ၊ အရှုံးအနာရတာ ကိုယ့်ဟာကိုပေါ်လာတယ် (မှန်ပါတယ် ဘုရား)။

## လူ့တိရစ္ဆာန်တွေတဲ့

ကိုယ့်ဟာကိုတော့ မပေါ်ဘူး၊ သူများတောင် အပုတ် ချပါတယ် ဆိုပဲ (တင်ပါဘုရား) အနုပါဒါနက္ခန္ဓာသမားဆို မလာခဲ့နဲ့ပေါ့၊ မဟုတ်ဘူးလား (မှန်ပါတယ်ဘုရား) အနုပါ ဒါနက္ခန္ဓာသမားဆိုရင် မလာခဲ့နဲ့၊ လူ့တိရစ္ဆာန်လို့ သုံးပစ် လိုက်တယ် (တင်ပါဘုရား) ရဟန္တာတွေများ လူ့တိရစ္ဆာန်လို့ သုံးပစ်လိုက်တယ်။

ရဟန္တာတွေက အနုပါဒါနက္ခန္ဓာသမားတွေကိုကွ၊ သူတို့ခန္ဓာသူတို့ မစွဲတော့ဘူး၊ အဲဒါကျတော့ မလာခဲ့နဲ့၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား) ဘုရားကျတော့ အနုပါ ဒါနက္ခန္ဓာသမား (တင်ပါ) မလာခဲ့နဲ့၊ ဒီကျအောင် သူက ကန်ထုတ်တာ၊ ဥပါဒါနက္ခန္ဓာ ဘယ်လောက်ကြီးတယ်ဆိုတာ ပေါ်ပလားကွ (ပေါ်ပါပြီဘုရား)။

စကားတတ်လို့ ပြောတာလား၊ ဖြစ်စဉ်ကိုက်လို့ ပြောတာလားလည်း အကဲခတ်ပါဦး (ဖြစ်စဉ်ကိုက်ပါဘုရား) ဆိုးဝါးတယ်ကွ (ဆိုးပါတယ်ဘုရား) အဲတော့ ခုနင်က ရဟန်းဖြေတာ၊ ရဟန်းက ဉပါဒါန်နဲ့ ခန္ဓာဟာ အတူတူပဲလား ဘုရားတဲ့၊ အတူတူတော့ မဟုတ်ဘူးကွ၊ တခြားစီလည်း မဟုတ်ဘူးကွ၊ သူက ဖြေထားတာကြည့်လေ၊ (တင်ပါဘုရား)။

## ဉပါဒါန်နဲ့ခန္ဓာအတူတူပဲလား

ဉပါဒါန်နဲ့ ခန္ဓာဆိုတာ အတူတူပဲလားလို့ မေးတဲ့ အခါ၊ ဉပါဒါန်နဲ့ခန္ဓာနဲ့ဟာ တခြားစီပုဂ္ဂိုလ်ကလည်း ရှိနေ သေးတာကို (မှန်ပါဘုရား) ဟုတ်ဘူးလား (ဟုတ်ပါတယ် ဘုရား)။

တခြားစီ ပုဂ္ဂိုလ်တွေက ရှိတယ်တဲ့၊ တွဲနေတဲ့ ပုဂ္ဂိုလ် ကလည်း ရှိတယ် (ရှိပါတယ်ဘုရား) အဲတော့ ငါ တခြားစီ လို့လည်း မဆိုနိုင်ဘူး၊ အတူတူလို့လည်း မဆိုနိုင်ဘူးကွ၊ သဘောပါကြပလား (သဘောပါပါပြီဘုရား)။

ဒါဖြင့် လောကကြီးထဲမှာ ဘာနှိပ်စက်နေတယ် ဆိုတာ ပေါ်တော့ ဉပါဒါန်နှိပ်စက်နေတယ် (တင်ပါ) သူကလည်း သမုဒယသစ္စာကို အာယုဟနဋ္ဌော - ဒုက္ခ မှုတွေကို ဖုမဆောင်းကျွေးမွေးရမှု ကျေနပ်တာ (တင်ပါ) ပေါ်ပလား (ပေါ်ပါတယ်ဘုရား)။

ဒုက္ခဝတ္ထုဒုက္ခမှုတို့ကို (စုဆောင်းကျွေးမွေးရမှ ကျေနပ်တာ) ဒုက္ခဝတ္ထုလေး ပွေ့ထားမယ်၊ ဒုက္ခမှုလေး ဆေးရှာမယ် သဘောကျပလား (သဘောကျပါပြီ ဘုရား)။

ဒုက္ခဝတ္ထုလေးကိုလည်း မျက်စိအောက်က အပျောက်မခံနိုင်ဘူး၊ ဒုက္ခမှုတွေကိုလည်း ကျင်ကြီးကျင်ငယ် ကစပြီးသကာလ တစ်ခါတည်း ညည်းနိုင်တယ် (ညည်းပါတယ်ဘုရား) ဝမ်းမကောင်းဘူးလား ကောင်းသလားဆိုတာ အဲဒါဒုက္ခဝတ္ထုဒုက္ခမှုတို့ကို စုဆောင်းဆည်းပူးတာ ဥပါဒါနက္ခန္ဓာ သမားက ဒီလောက် အရုပ်ဆိုးပါတယ်၊ ပေါ်ပလား (ပေါ်ပါတယ်ဘုရား) ပေါ်ပြီကွ။

## မစွဲလမ်းတဲ့ပုဂ္ဂိုလ်မှာ ဥပါဒါန်မရှိဘူး

ဒါကြောင့် ဥပါဒါန်နဲ့ခန္ဓာနဲ့ဟာ တခြားစီလား အတူတူလားလို့ မေးတဲ့အခါကျတော့ ဘုရားက မဟုတ်ဘူးကွ၊ စွဲလမ်းတဲ့ပုဂ္ဂိုလ်ကျတော့ ဥပါဒါနက္ခန္ဓာလို့ခေါ်တယ်၊ မစွဲလမ်းတဲ့ပုဂ္ဂိုလ်ကျတော့ သူက ခန္ဓာသာရှိတယ် ဥပါဒါန် မရှိကွ၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါကြောင့် ခုနင်ကပြောခဲ့တယ်၊ ကြိုးနဲ့နွားကတစ်မျိုး၊ ကြိုးရှိတဲ့နွားကတစ်မျိုး၊ ကြိုးမရှိတဲ့နွားက တစ်မျိုးတဲ့၊ ကြိုးမရှိတဲ့နွားသည် ဘေးမဲ့၊ ကြိုးရှိတဲ့နွားသည် ဘေးရှိ၊

တော်ကြာ ခေါ်ခိုင်းတော့မှာကို သဘောပါပလား (သဘော ပါပါပြီဘုရား)။

ဒါဖြင့် ကျေနပ်ပါပြီဗျာ . . . တဲ့၊ လောကကြီးထဲ တော့ဖြင့် ဥပါဒါနက္ခန္ဓာသမားတွေက လူလိမ္မာလုပ်ကြမှာပဲ၊ မင်းဒီစကားသိပ်ကြီးတယ် (သိပ်ကြီးပါတယ်ဘုရား) ဥပါဒါ နက္ခန္ဓာသမားက လူလိမ္မာလုပ်နေတာ၊ အခုလုပ်နေကြတာ (တင်ပါဘုရား)။

## ဥပါဒါနက္ခန္ဓာသမားက လူလိမ္မာလုပ်နေတာ

ဘာက လူလိမ္မာလုပ်နေတာတုံး (ဥပါဒါနက္ခန္ဓာ သမားက လူလိမ္မာလုပ်နေတာပါ) အနုပါဒါနက္ခန္ဓာသမား ဆိုရင် အနားမကပ်ခဲ့နဲ့၊ လူအများစု အနားမကပ်ခဲ့နဲ့၊ နေနိုင် တဲ့လူဟာ နေနေနိုင်လွန်းတယ်ဆိုပြီးသကာလ ကျုပ်များ ဒီနေ့ ဆရာဝန်ခေါ်မယ်ဆိုမှ အဓိပ္ပါယ်မေးကြတယ်။

ဥပမာ သွားရမဲ့ ပုဂ္ဂိုလ်က ခပ်ထိုင်းထိုင်း၊ အေးစက် စက်လုပ်နေမယ်၊ မိန်းမလုပ်တဲ့ ပုဂ္ဂိုလ်က ညတွင်းချင်း သွားမယ်ဆိုတာ ရှိသေးလား (ရှိပါတယ်ဘုရား) ရှိတယ် ဥပါဒါနက္ခန္ဓာကိုကွ ဥပါဒါနက္ခန္ဓာသမားကတော့ ဒုက္ခမဖြစ် ရရင် (မနေနိုင်ဘူးဘုရား) မနေနိုင်ဘူး။

သူက ဒုက္ခဝတ္ထု ဒုက္ခမှုနဲ့ တွဲနေရမှ (တင်ပါဘုရား) ကျေနပ်တာကိုကွ၊ သဘောကျပလား (သဘောကျပါပြီ ဘုရား)။

အဲတော့ကို နောက်ဖေးကထွက်သလို ဖြစ်နေတယ်ကွ၊ အလျားဖြောင့်နေရမှ သူ့ဟာက ကျေနပ်တာ၊ နောက်ဖေးက ထွက်တဲ့ပုဂ္ဂိုလ်က ထွက်ချင်တော့ အရမ်းပဲ ခြေကန်တိုးတာပဲ ရိပ်မိပလား (ရိပ်မိပါပြီဘုရား) ဒီမှာ လက်အငြိမ်နေရရင်ကို (မနေနိုင်ဘူး) မနေနိုင်ဘူး ဘာဖြစ်ဖြစ် လှုပ်ရမှာဂဲ သဘောပါပလား (သဘောပါပါပြီဘုရား)။

ဒီမှာလည်း ဒုက္ခနဲ့ ခွဲနေလို့ရှိရင် (မနေနိုင်ပါဘူး) မနေနိုင်ဘူး၊ ဒုက္ခကြီးနဲ့ နေရလို့ ရှိရင်ဖြင့် မအားအောင် နေရလို့ရှိရင်ဖြင့် (ကြိုက်ပါတယ်) ကျေနပ်တယ်၊ ချက်ကျွေးလိုက်၊ ပြုတ်ကျွေးလိုက်၊ ခေါင်းလေးစမ်းကြည့်လိုက်၊ ရေလေးချိုးပေးလိုက်၊ အဝတ်ကလေးချုပ်ပေးလိုက်။ သူ့မျက်နှာလေးကြည့်ပြီး ပြုံးလိုက်၊ တစ်ခါတလေ မဲ့လိုက်ဆို၊ အိုဝတ္ထုရားများ ကျေတယ်များ အောက်မေ့နေသေးတယ် ရှင်းပလား (ရှင်းပါပြီဘုရား)။

## ဘုရားကဖြေတော်မူတယ်

ဒုက္ခဝတ္ထုဒုက္ခမူ စုဆောင်းဆည်းပူးတာက ဉပါဒါန်ကိုကွ၊ ကဲရဟန်းမေးတာကော ဘုရားဖြေတာကော အဖြေတည့်ပလား (တည့်ပါပြီဘုရား)။

အချို့ အတူတူလားဆိုတော့ အတူတူလည်း ငါမဆိုဘူးကွ၊ ခွဲနေသလားဆိုတော့ ခွဲတယ်လို့လဲ မဆိုဘူးကွ၊ နွားနဲ့ကြိုးလိုပဲကွ ဟုတ်လား (တင်ပါဘုရား)။

အင်း တချို့ကလည်း ကြိုးနဲ့နွားရှိတယ်ကွ၊ တချို့လည်း ကြိုးမပါတဲ့နွားရှိတယ်ကွ (တင်ပါဘုရား) ကြိုးနဲ့ နွားဆိုရင် ဘေးသင့်တာပဲကွ၊ သွားချင်တဲ့ဆီမှ မသွားရပဲကွ၊ ကြိုးမရှိတဲ့နွားဆိုရင် သွားချင်တဲ့ဆီ သွားလို့ မရဘူးလား (ရပါတယ်ဘုရား)။

အဲတော့ကို . . . ဒကာ ဒကာမတွေက ကျေနပ်တာကလည်း ကြိုးတပ်ထားတဲ့ နွားအဖြစ်မျိုးမှ ဉပါဒါန်နဲ့ ခန္ဓာနဲ့တွဲပြီးနေရမှ (တင်ပါဘုရား) ကြိုးနဲ့နွားနဲ့ တွဲနေရမှ ထမ်းပိုးထဲ မြန်မြန်ဝင်ရမှာကိုကွ၊ လှည်းထမ်းပိုးထဲ ဒါမှ ရုန်းရမှာကို (တင်ပါ) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် ကျုပ်ဖြင့် ဝန်ချချင်လှပြီလို့ ပြောသလား ရုန်းချင်လှပြီလို့ အဓိပ္ပါယ်က ရနေသလား (ရုန်းချင်လှပြီလို့ အဓိပ္ပာယ်ရနေပါတယ်ဘုရား) အတော်ဆိုးတဲ့တရား (မှန်လည်း မှန်ပါဘုရား၊ ဆိုးလည်းဆိုးပါတယ်ဘုရား)။

ဒါဖြင့် ဘုရားတဲ့ တပည့်တော် ကျေနပ်ပါပြီတဲ့ ရဟန်းကြီးက၊ ရဟန္တာကြီးက ကျေနပ်ပါပြီတဲ့၊ ဥပါဒါနက္ခန္ဓာဟာ အတူတူလည်း မဟုတ်ဘူး၊ တခြားစီလည်း မဟုတ်ဘူးကွဆိုတာ တပည့်တော် အင်မတန် ကျေနပ်လို့ **သာဓုသာဓုပါ** ဘုရားလို့ ဖြေလိုက်တယ်။

## ခန္ဓာအမျိုးမျိုးရှိကြတယ်

နောက်တစ်ခါ မေးပရစေဦး ဘုရားတဲ့၊ ခန္ဓာဟာ အတူတူပဲလား၊ ခန္ဓာသည် ဘယ်နှစ်မျိုးလောက်သာ ပြားပါလိမ့်မလဲ၊ အို . . . ခန္ဓာပြားတာတော့ မပြောနဲ့ဟော့ အများကြီးပြားနေတယ် (တင်ပါဘုရား)။

တချို့က လူခန္ဓာဖြစ်ချင်တယ်၊ တချို့က နတ်ခန္ဓာဖြစ်ချင်တယ်၊ အနာဂတ်မှာ (တင်ပါ) တချို့ကလည်း ထွားထွားကြီးဖြစ်ချင်တယ်၊ တချို့ကလည်း ပုပုကွကွလေးဖြစ်ချင်တယ်၊ တချို့ကလည်း အရွယ်တော်လေး ဖြစ်ချင်တယ်၊ ခန္ဓာတွေက အမျိုးမျိုး ဖြစ်ချင်တယ်၊ အဲဒါကြောင့် ခန္ဓာဟာလည်း တစ်မျိုးထဲတော့ မယူနဲ့ဟော့တဲ့၊ ခန္ဓာ၏ အမည်ဟာ အမျိုးမျိုးရှိတယ်။

အပုံ၊ အရှည်၊ အဝိုင်း၊ အမျိုးမျိုးရှိတယ်၊ ဒါကြောင့် တိရစ္ဆာန်လေးတွေကျတော့ ဒီက ခိုလေးတွေကတစ်မျိုး၊

ဟိုအိမ်က ခိုကလေးတွေကျတော့ (တစ်မျိုးပါဘုရား) သူတို့ကြိုက်သလို သူတို့ ဆုတောင်းလာခဲ့တာ၊ ပြင်ရတာမဟုတ်တော့ ဒါမွေးကတည်းက ပါလာတာပဲ (တင်ပါ) သဘောပါပလား (သဘောပါပါပြီဘုရား)။

ဒါဖြင့် ခန္ဓာသည်ကားလို့ဆိုရင် အမျိုးမျိုးရှိတယ်ဆိုတာလည်း အသွင်အပြင်ကို ပြောတာ (တင်ပါဘုရား) အရင်းကြည့်တော့လည်း ငါးပါးပါပဲ၊ အသွင်အပြင်တော့ဖြင့် အမျိုးမျိုးရှိတယ် (တင်ပါဘုရား)။

ဒါဖြင့် ဘုရားတဲ့ ကျေနပ်ပါပြီဘုရား၊ ခန္ဓာဆိုတာ အမျိုးမျိုးရှိတယ်ဆိုတာ တပည့်တော် ကျေနပ်ပါပြီတဲ့။

## သက္ကာယဒိဋ္ဌိဆိုတာ သိပါရစေ

သက္ကာယဒိဋ္ဌိဆိုတာ ပြောစမ်းပါဦး (တင်ပါဘုရား) သက္ကာယဒိဋ္ဌိဆိုတာ ပြောစမ်းပါဦးဘုရား၊ အိုကွာ မနေ့က ပြောတဲ့အတိုင်းပေါ့ကွတဲ့၊ အကြားအမြင်မရှိတဲ့ပုဂ္ဂိုလ် သက္ကာယဒိဋ္ဌိပေါ့ကွ၊ သူတော်ကောင်း မဆည်းကပ်တဲ့ ပုဂ္ဂိုလ် ခန္ဓာကြည့်လိုက်ရင် သက္ကာယဒိဋ္ဌိဖြစ်တာပဲ (တင်ပါ)။

အရိယာတို့၏ တပည့်သားလည်း ဖြစ်မယ်၊ အကြားအမြင်လည်းရှိမယ်၊ သူတော်ကောင်းတို့၏ တရားကို ကြားနာရတဲ့ ပုဂ္ဂိုလ်ကျတော့လည်း သက္ကာယဒိဋ္ဌိမဖြစ်ပါဘူး

ကွ၊ သက္ကာယဒိဋ္ဌိအမျိုးမျိုးရှိတယ်လို့ ဒီလို မယူပါနဲ့ ရှင်းပလား (ရှင်းပါပြီဘုရား)။

အကြားအမြင်မရှိတဲ့ပုဂ္ဂိုလ်၊ သူတော်ကောင်းနဲ့ မပေါင်းတဲ့ပုဂ္ဂိုလ်ကဖြင့် ခန္ဓာကို ငါထင်တယ်ကွ၊ သဘောပါပါလား (သဘောပါပါပြီဘုရား) **ရူပံ အတ္တော သမနုပဿတိ၊** ကွတဲ့ **ရူပံ**-ရုပ်ကို၊ **အတ္တော**-ငါမူ၍၊ **သမနုပဿတိ**-ရှု၏ အဲဒါကျတော့ သက္ကာယဒိဋ္ဌိကွတဲ့။

**ရူပံ အတ္တော နသမနုပဿတိ** ရုပ်တွေဟာ ငါမဟုတ်ပါဘူးလို့ ယူတဲ့ ပုဂ္ဂိုလ်ကျတော့၊ အကြားအမြင်ကလည်းရှိ၊ သူတော်ကောင်းဆီ နားထောင်ထားပြန်တော့ ဒါကျတော့ သက္ကာယဒိဋ္ဌိမဖြစ်ဘူးကွတဲ့ (တင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် သက္ကာယနဲ့ ဒိဋ္ဌိနဲ့ဟာလည်း ခုနင်ကလို ခွဲလိုက်၊ တချို့သက္ကာယပဲရှိတယ်၊ ဒိဋ္ဌိမရှိဘူး (တင်ပါ) တချို့ကျတော့ သက္ကာယရောဒိဋ္ဌိရော ရှိတယ် (တင်ပါဘုရား)။

## သောတာပန်မှာ သက္ကာယသာရှိတယ်

သောတာပန်များကျတော့ သက္ကာယဆိုတဲ့ ခန္ဓာတော့ရှိတယ် (ဒိဋ္ဌိမရှိဘူး) ဒိဋ္ဌိမရှိဘူး (တင်ပါ) အစ်မတို့ကျတော့ သက္ကာယလည်းရှိ၊ (ဒိဋ္ဌိလည်းရှိပါတယ်ဘုရား)။

အဲဒါ ဘယ့်နှယ့်ကြောင့်တုံးဆိုလို့ရှိရင် အကြားအမြင် မများသေးခင်က ဖြစ်တဲ့အဖြစ်တွေ (တင်ပါဘုရား) သဘော ပါကြပလား (သဘောပါပါပြီဘုရား) ဒါဖြင့် သက္ကာယနဲ့ ဒိဋ္ဌိဟာလည်း ခုနင်ကလိုပဲ ခွဲရမယ် (မှန်ပါ) ဥပါဒါနက္ခန္ဓာ လိုပဲ (တင်ပါဘုရား) ဒီအတိုင်းခွဲပါတဲ့။

## အကြားအမြင်မရှိရင်သက္ကာယဒိဋ္ဌိရှိတယ်

အကြားအမြင်မရှိ သူတော်ကောင်းမပေါင်းမိတဲ့ ပုဂ္ဂိုလ်မှာဖြင့် သက္ကာယဒိဋ္ဌိဖြစ်တယ် (တင်ပါ) အကြားအမြင် ရှိ၊ သူတော်ကောင်းနဲ့ ပေါင်းပြီးသား ပုဂ္ဂိုလ်များကျတော့ လည်း၊ ငါမဟုတ် ငါ့ဥစ္စာမဟုတ်ဆိုတာ ရှင်းသွားတယ် (တင်ပါဘုရား) အဲဒီကျတော့ သက္ကာယဒိဋ္ဌိမဖြစ်ဘူး ရှင်းပလား (ရှင်းပါပြီဘုရား)။

ကဲ ဒီနေ့ ဒီတွင် ရပ်ပါဦး

သာဓု . . . သာဓု . . . သာဓု. . . ။

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားတော်မူသော တရားတော်

# သက္ကာယဒိဋ္ဌိဆိုတာ သိပါရစေ (၂)

( ပုဏ္ဏမသုတ် )
(၂၅-၂-၆၂)

ဘုရားသခင် ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတော့ ရဟန်းငါးရာ တစ်ပါးကြွလာကြတယ်။

ကြွလာကြတော့ ပထမပုဂ္ဂိုလ်က ခေါင်းဆောင်က ရဟန္တာ၊ ဟိုဟာတွေက ပုထုဇဉ်တွေပါတဲ့ ငါးရာက၊ အားလုံး ငါးရာ တစ်ပါးရှိပါတယ်။

အဲဒီလို မေးမေး၊ မေးမေးပြီးသကာလ လာလိုက်တာ ဥပါဒါန်နဲ့ ဥပါဒါနက္ခန္ဓာနဲ့ အမျိုးမျိုးမေးတယ် ခန္ဓာဘယ်

ဟာကများ ဘယ်လောက်ရှိတုံး ဆိုတာမေးတယ်၊ သက္ကာယ ဒိဋ္ဌိဆိုတာ ဘယ်လိုနေမှ ဖြစ်သတုံးဆိုတာမေးတယ်၊ သက္ကာယဒိဋ္ဌိဘယ်လိုလုပ်မှ ချုပ်သတုံးဆိုတာလည်း မေးတယ်။

## ဘယ်လိုရှုတဲ့ပုဂ္ဂိုလ် တဏှာမာနဒိဋ္ဌိချုပ်မလဲ

နောက်ဆုံးပိတ်တစ်နေ့အမေးက ဘာမေးလိုက်တုံး ဆိုတော့ **ကထံပန ဘန္တေ ဇာနတော ပဿတော** အဘယ် ကဲ့သို့သိ၊ အဘယ်ကဲ့သို့ရှုတဲ့ ပုဂ္ဂိုလ်များဟာဖြင့် ဤခန္ဓာ ကိုယ်ကြီးဖြစ်တဲ့ တရားတွေပေါ်၌တဲ့ လွန်မြောက်ပြီး သကာလ၊ တဏှာမာန ဒိဋ္ဌိချုပ်ပါလိမ့်မလဲလို့ ဘယ်လိုရှု ဘယ်လိုမှတ်တဲ့ ပုဂ္ဂိုလ်သာလျှင် တဏှာမာနဒိဋ္ဌိ ချုပ်ပါလိမ့် မလဲလို့ ရဟန္တာပုဂ္ဂိုလ်ကမေးတယ်။

ထိုကဲ့သို့ မေးတဲ့အခါကျတော့၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ပစ္စုပ္ပန်ရုပ်လည်းကွာ ဖြစ်ပျက်ရှုကွ၊ အတိတ်ရုပ်တွေလည်း ဖြစ်ပျက်သွားကုန်ပြီရှုကွ၊ အနာဂတ် ရုပ်တွေလည်း အထိုက်အတန် ဖြစ်ပျက်ဦးမှာပဲလို့ ရှုလိုက်လို့ ရှိရင်ကွာ တဏှာမာန ဒိဋ္ဌိဟာ ပြုတ်တာပါပဲ။

## ငါ့ကိုယ်ငါ့ဟာမဟုတ်ဘူးလို့ ဖြစ်ပျက်ရှု

အတိတ်ကဟာတွေလည်း အကုန်ရှုကွ၊ အကုန် အနတ္တတွေပဲကွ၊ ငါ့ကိုယ်ငါ့ဟာငါ့ဉစ္စာ မဟုတ်ဘူးကွ၊ ပစ္စုပ္ပန်မှာရှိတဲ့ ပေါ်လာတဲ့ ရုပ်နာမ်တွေလည်း ငါ့ကိုယ်၊ ငါ့ဟာ မဟုတ်ဘူး၊ အနတ္တပဲကွ အနာဂတ်ကို အကြောင်းညီညွတ်လို့ ဖြစ်မှာတွေလည်း ငါ့ကိုယ်ငါ့ဟာငါ့ဉစ္စာ မဟုတ်ပါဘူးကွ၊ အနတ္တတွေပါပဲ။

ဒီလို ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒီလိုဆိုရင် တဏှာမာန ဒိဋ္ဌိသေတယ်ကွလို့၊ ဟောလိုက်ပါတယ်။

ဟောလိုက်တော့ကို ဒီထဲမှာ ပုထုဇဉ်ရဟန်းတစ်ပါးက ဖောက်လာတယ်၊ ဩော် အလုံးစုံအကုန် အတိတ်ကဟာတွေသာ အကုန်အနတ္တ၊ ပျက်စီးတတ်တာချည်းပဲ၊ ပစ္စုပ္ပန်ဟာတွေလည်း ပျက်စီးတတ်တာတွေပဲ၊ အနာဂတ်လည်း ပျက်စီးမှာချည်းပဲဆိုတော့ သူ့မှာဘာမှအားကိုးစရာ မရှိတော့ဘူး ဖြစ်သွားတယ် (တင်ပါဘုရား)။

ဘယ်ဟာမှ အားကိုးစရာမရှိတော့ဘူးဆို ပွဲဖောက်လာတယ်၊ နဂိုကမှ အားကိုးစရာမရှိတဲ့ဉစ္စာ သူက ဘုံဘဝက ကျွတ်လွတ်သွားမှာစိုးတဲ့အတွက် ဘုံဘဝထဲ ပျော်မွေ့နေတဲ့ ပုဂ္ဂိုလ်မို့ အားကိုးရာတယ်လို့ မှတ်ကြရမယ် (တင်ပါဘုရား)။

## အနတ္တာဆိုရင် ဘာအားကိုးရမှာတုံး

ဘုံဘဝ ပျော်မွေ့တဲ့ပုဂ္ဂိုလ်ကတော့ (အားကိုးရှာပါတယ်ဘုရား) အလုံးစုံ အနတ္တာဆိုနေလို့ရှိရင် ဘာအားကိုးရမှာတုံး၊ သေသည့်အခြားမဲ့၌ ဘယ်ဟာ အားကိုးရမှာတုံး ဆိုပြီးသကာလ၊ သူ့စိတ်ထဲ အကြံဉာဏ်ဖြစ်တယ်။

အဲတော့ အကြံဉာဏ်ဖြစ်ပြီး သူ့ဟာသူ ဆုံးဖြတ်ချက်ချလိုက်တယ်၊ ငါမဟုတ်သဖြင့် ငါမဟုတ်တဲ့ တရားဆိုတဲ့ စေတနာလေးက ရှိသေးတာပဲ၊ ကံစေတနာလေးက ရှိသေးတာပဲ၊ အဲဒါ ငါမဟုတ်ပါဘူး၊ အဲဒါတွေပဲ အားကိုးရမှာပဲ၊ ဒါလေးပဲ အားကိုးရမှာပဲ။

ငါမဟုတ်ပဲနဲ့ ပြုလုပ်ထားတာတွေ ရှိသေးတာပဲ၊ ငါမဟုတ်ပဲနဲ့ ပြုလုပ်ထားတာတွေက ရှိသေးတာပဲ ဆိုတော့ စေတနာတွေပဲ (တင်ပါဘုရား) ငါမဟုတ်မှန်းတော့လည်း သူ့ဟာက ရှင်းတယ် (မှန်ပါဘုရား) ငါမဟုတ်ရင်ပြီးရော။

## ကံကိုအားကိုးလိုက်တယ်

ပြုလုပ်ထားကုန်သော ကမ္မတ္တံ - ကမတ္တာနံ အတ္တာနံ၊ အတ္တာနံ - ငါမဟုတ်သဖြင့် ပြုအပ်ကုန်သော၊ ကမ္မာနိ = ကံတို့သည်၊ ကမ္မတ္တာနံ-ကံသာလျှင် မိမိဥစ္စာအဖြစ်သို့ ၊ ဖုသန္တိ = ရောက်ရတော့မှာပဲ၊ အဲဒါ ငါမဟုတ်ပါဘူးတဲ့

ဒီကံဟာ၊ အဲဒီငါမဟုတ်ကဲ့ကံလေးပဲ သူ့အားကိုးရမှာပဲ (တင်ပါ) ထူးထူးခြားခြားကိုကွက်ပြီး ယူလိုက်တာ (တင်ပါဘုရား)

အနတ္တာကတာနိ-တဲ့၊ ငါမဟုတ်သဖြင့် ပြုထားတာလည်းရှိနေတယ်၊ သူငါမဟုတ်ဘူးတဲ့၊ စေတနာလေးက ပြုလုပ်ထားတယ် (တင်ပါ) လှူဒါန်းပေးကမ်းထားတဲ့ စေတနာလေး၊ အနတ္တာကတာနိ ကမ္မတ္တာနံ ကမ္မာနိ။

အနတ္တာကတာနိ - ငါမဟုတ်ပြုအပ်ကုန်သော၊ ကမ္မာနိ-ကံတို့သည်၊ ကံကို သူစွဲလိုက်တယ်၊ ကမ္မတ္တာနံ - ကံသာလျှင် မိမိဥစ္စာအဖြစ်သို့၊ ဖုသန္တိ - ရောက်ရတော့မှာပဲ၊ ဒီကံလေးတစ်ခုပဲ ကိုယ့်ဥစ္စာအဖြစ်သို့ ရောက်စရာရှိတော့တယ်(တင်ပါဘုရား)။

ဆိုတော့ ဘုရားက ဒီကောင် ကံပြတ်လည်းနားမလည် ဒီကံ၏ သဿတဒိဋ္ဌိယူထားပြန်ပြီ (တင်ပါဘုရား) ဘယ့်နှယ်ကြောင့် သူယူပါလိမ့်ဆိုတော့၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက တွေးလိုက်တော့၊ အားကိုးရှာတာကို၊ အလုံးစုံအနတ္တဆိုရင် သူ့မှာ မျောက်သစ်ကိုင်းလွတ်သလို သစ်ပင်ပေါ်က အကုန်လွတ်ပြီး ဝုန်းကနဲ ကျသွားတယ်၊ သူ့ဆီမှာ အားကိုးမရှိတော့ဘူး (မှန်ပါ့)။

## ကံကိုခိုင်မြဲတယ်လို့ယူတယ်

အားကိုးမရှိတော့ဘူးဆိုပြီးသကာလ ထိတ်လန့်သွားခြင်းကြောင့်၊ ဒီလိုအားကိုးမရှိလို့ရှိရင် ကံပဲပြန်အားကိုးရမှာပဲဆိုတော့၊ သူ့စိတ်ထဲမှာ ကံလေး ခိုင်မြဲတဲ့ အဓိပ္ပာယ်ယူတဲ့သဘောရောက်သွားတယ် (တင်ပါဘုရား)။

ကံကို ခိုင်မြဲတဲ့ အဓိပ္ပာယ်ယူလိုက်တယ် (တင်ပါ) ကံခိုင်မြဲတဲ့ အဓိပ္ပာယ်ယူလိုက်တော့ကို ကံ၏ အနတ္တကို ဘုရားက ပစ္စုပ္ပန်ရုပ်နာမ်၊ အတိတ်ရုပ်နာမ်၊ အနာဂတ်ရုပ်နာမ်အကုန် အနတ္တကွာ၊ ဒါရှုလိုက်တဲ့အခါကျတော့ တဏှာမာန ဒိဋ္ဌိချုပ်တာပါပဲဆိုတော့၊ သူက တဏှာချုပ်တာမှာ မကျေနပ်နိုင်တော့ဘူး (တင်ပါဘုရား)။

သူအားကိုးစရာမရှိတော့ဘူးတဲ့၊ တဏှာပဲအားကိုးတာသူက၊ သူပြုလုပ်ထားတဲ့ ကံလေးပဲ အားကိုးရတော့မှာပဲ၊ ဒီပြင်ဟာတွေ အကုန်အနတ္တဘုရားက ဟောထားပြီ (မှန်ပါတယ်ဘုရား) ပြုလုပ်ထားတဲ့ ကံလေးပဲ ကိုယ်ကအားကိုးရတော့မှာပဲဆိုပြီး သကာလ . သူစိတ်ထဲပေါ်လာတာ၊ ပေါ်လာတာက မနေ့က မပြောခဲ့ပါဘူးတဲ့။

## ကံနယ်ထဲပျော်နေတယ်

ဒီနေ့ အထူးပြောချင်တာက၊ သူပေါ်လာတာက

ဒီကံလေးအားကိုးလိုက်တော့၊ ဒီကံလေးပေါ်၌ သက္ကာယဒိဋ္ဌိကိုတော့ သူကမသိဘူး၊ လောကကြီးထဲက ထွက်သွားရမယ်၊ လောကကြီးထဲမှာ ပျော်နေလို့ ကံနယ်မှာ ပျော်နေလို့ ကံအားကိုးချလိုက်တယ်၊ (တင်ပါဘုရား)။

ကံပြုလုပ်တာဟူသ၍ သူကြိုက်နေတယ် (တင်ပါဘုရား) ကံပြုလုပ်တာဟူသ၍ ကြိုက်ပြီးသကာလ နေတော့ ခုနင်က အလုံးစုံ အနတ္တလို့ ဟောလိုက်လို့ရှိရင် အားကိုးရာမဲ့သူ့မှာဖြစ်သွားတယ် (တင်ပါဘုရား)။

အဲတော့ သူကြံဖန်ပြီး တွေးလိုက်တော့၊ ကိုယ်ပြုထားတဲ့ကံလေးပဲ ဒါလေး အတ္တလုပ်ပြီး နေဖို့ပဲ၊ ငါ့ဥစ္စာလုပ်ပြီးတော့ နေဖို့ပဲ၊ သို့မဟုတ် ဘုံဘဝထဲ ဘယ်မှာသာလျှင် အားကိုးရာ အကျိုးပေးစရာ အားကိုးစရာဆိုတာ ဘယ်ရှိတော့မတုံး၊ သူ့စိတ်ထဲ ဗွေဖောက်လာတယ် (တင်ပါဘုရား)။

ဘယ်အချိန်ဖောက်ပါလိမ့်မလဲဆိုတော့၊ တဏှာ မာန ဒိဋ္ဌိချုပ်တဲ့ တရားဟောတော့ ဗွေဖောက်လာတယ် (တင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

အဲတော့ တဏှာ မာနဒိဋ္ဌိချုပ်တဲ့ တရားအလုံးစုံ အတိတ် အနာဂတ်၊ ပစ္စုပ္ပန်တွေဟာ အလုံးစုံကွာ ငါ့ကိုယ်ငါဟာ ငါ့ဥစ္စာမဟုတ်ပါဘူး၊ အဲဒီလို ရှုလိုက်ရင် တဏှာမာနဒိဋ္ဌိသေတာပါပဲလို့ ဟောတုန်းကို၊ အလုံးစုံအနတ္တတွေ

အားကိုးစရာမရှိဘူးဆိုရင်ဖြင့် မျောက်သစ်ကိုင်းလွတ် ဖြစ်တော့မှာပဲ၊ သစ်ပင်ပေါ်က ကျတော့ ဝုန်းကနဲကျပြီး၊ ဘာမှ သူ့လက်ထဲမှာ ဆွဲထားစရာ မရှိတော့၊ ကျချင်သလို ကျတဲ့အဓိပ္ပါယ်မျိုးလည်း သူ့စိတ်ထဲ ဖိုသွားတယ် (တင်ပါ ဘုရား)။

သူ့စိတ်ထဲဖိုသွားတဲ့အခါကျတော့မှ ကိုင်း ကြံဖန်ပြီး အားကိုးရမှာပဲဆိုပြီး၊ ငါမဟုတ်သဖြင့် ပြုလုပ်ထားတာ လေးတွေ ရှိသေးတာပဲ စေတနာလေးတွေ ငါမှုမဟုတ်ပဲ၊ အဲဒီကံတွေ ငါအားကိုးမယ် (မှန်ပါ)။

## ကံပေါ်မှာ ခိုင်မြဲတဲ့ သဿတဒိဋ္ဌိ

ဒီကံတွေဟာ ငါအားကိုးထိုက်တယ်ဆိုပြီး သကာလ သူ့စိတ်ထဲမှာ ဆုံးဖြတ်ချက်ချလိုက်တယ်၊ ဆုံးဖြတ်ချက်ချ လိုက်တဲ့အခါကျလို့ရှိရင်ဖြင့်တဲ့ ကံပေါ်မှာ သူခိုင်မြဲတဲ့ သဿတဒိဋ္ဌိ ယူပစ်လိုက်တယ် (တင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

ကံပေါ်မှာ (ခိုင်မြဲတဲ့ သဿတဒိဋ္ဌိ ယူပစ်လိုက်တယ် ဘုရား) ခိုင်မြဲတဲ့ သဿတဒိဋ္ဌိ ယူပစ်လိုက်တော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက . . . တဲ့ **အဝိဒ္ဒါ အဝိဇ္ဇာဂတော ဝဏ္ဏာဓိပတေယျေန၊ စေတသော ဗုဒ္ဓသာသနံ အဘိဓာ ဝီတဗ္ဗ မညေ၊** လို့ ဟောလိုက်တယ်။

**အဝိဇ္ဇါ** - ပညာမရှိသော၊ **အဝိဇ္ဇာဂတော** = အဝိဇ္ဇာများသော၊ **တဏှာဓိပတေယျေန** = တဏှာသည် သူ့အပေါ်မှာ ကြီးစိုးနေသော ဒီရဟန်းကို စောင်းဟောနေတာ (တင်ပါဘုရား) ပုဂ္ဂိုလ်သည်၊ **ဗုဒ္ဓသာသနံ** = ငါဘုရားအဆုံးအမတည်းဟူသော၊ **အတိမာဝိတဗ္ဗံ** = လွန်သွားပြီဟော့ အလုံးစုံ အနတ္တဆိုတော့ ကံအတ္တလုပ်ထားတယ် (မှန်ပါဘုရား)။

အဲတော့ ဘယ့်နှယ့်ကြောင့် ငါဘုရား အဆုံးအမလွန်ပြီးသကာလ ကြံနေပါလိမ့်မတုံးဆိုတော့၊ မသိပါလိမ့်မတုံးဆိုတော့၊မသိတာကလည်း တစ်မျိုး၊ အဝိဇ္ဇာ၊ မသိတာ၊ ပညာမရှိတာ၊ **အဝိဇ္ဇာဂတော**= အဝိဇ္ဇာကလည်း သူ့အုပ်ချုပ်တယ် (မှန်ပါဘုရား) တဏှာကလည်း ကြီးစိုးတယ် (တင်ပါဘုရား)။

ဒီသုံးခုကြောင့် မသိတာက တစ်မျိုး၊ အဝိဇ္ဇာအုပ်ချုပ်တာ တစ်မျိုး၊ တဏှာကြီးစိုးတာက တစ်မျိုးဖြစ်နေသောကြောင့်၊ ဘုံဘဝလွတ်သွားမှာကြောက်နေတဲ့အတွက် ဒါကိုပြန်ပြီးလှည့်ပစ်လိုက်တယ် (တင်ပါဘုရား)။

ကံပေါ်ပြန်ပြီး လှည့်ပစ်လိုက်တယ်၊ ရှင်းပလား (ရှင်းပါပြီဘုရား) အဲဒီလိုလှည့်သွားတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အခုန ရဟန်းကို **အဝိဇ္ဇါ အဝိဇ္ဇာ**

**ဂတော တဏှာဝိပတေယျေနစေတသာ၊ ဗုဒ္ဓသာသနံ အဘိဓါဝိတဗ္ဗ မဣေ၊** လို့ ဟောလိုက်တယ်၊ (တင်ပါဘုရား)။

ဟောလိုက်တော့ အင်းသူတော့ ဇွဲဖောက်နေပြီ ဆိုတာကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သိတယ်၊ အဲဒါသိတော့ သည်ပုဂ္ဂိုလ် လွဲကြောင်းတော့ဖြင့် ထင်ရှားပြီ ပေါ့လေ (တင်ပါဘုရား)။

သဗ္ဗေသင်္ခါရာ-အနိစ္စ၊ သဗ္ဗေဓမ္မာ-အနတ္တာ၊ သူပါပြီး သား (မှန်ပါ) အဲဒါကြီးကို သူက ဒါလည်း ငါမဟုတ်ပါဘူး၊ အဲဒီ ငါမဟုတ်တဲ့ တရားလေး သူ့အားကိုးရင် ကိုယ်လည်း ချမ်းသာရာတော့ ရဦးမှာပါပဲ၊ အခုတော့ အားကိုးရာမဲ့ မျောက်သစ်ကိုင်းလွတ်ဖြစ်နေတာကို၊ အကုန်အနတ္တဟော ထားတော့ (မှန်ပါ) အဲဒီလို ကတ်ကတ်သတ်သတ်ပြန်တွေး တယ်။

အဲတော့ ဒီလောကီပုထုဇဉ်တွေမှာလည်း ဘုန်းကြီး တို့ ရင်းရင်းချာချာကို ပြောရလို့ရှိရင်၊ တစ်ခါတည်း စွဲမိစွဲရာ စွဲတတ်တယ်နော် (တင်ပါ) သေခါနီးမှာ စွဲမိစွဲရာစွဲတတ်တယ် (တင်ပါဘုရား)။

## သေခါနီးမှာ ခွဲမိခွဲရာခွဲတတ်တယ်

သေခါနီးကျတော့ မရဏာရေထဲ မျောတာကို မရဏာရေထဲမျောနေတော့ ခွဲမိခွဲရာခွဲတတ်တယ်၊ ဒါ ငါ့ဟာလုပ်မှ၊ ဘုရားကြီးပူဇော်ထားတာ ငါ့ဟာလုပ်မှ၊ တရားလေးနာထားတာ ငါ့ဟာလုပ်မှ ဆိုတော့ အတ္တဒိဋ္ဌိက အဲ့ဒီအချိန် ပြေးပြေးစွဲတယ် (တင်ပါဘုရား)။

အဲဒါကိုပင်လျှင် နိဗ္ဗာန်နဲ့ဝေးနေတာကိုပင်လျှင် သတိပေးတဲ့ ပုဂ္ဂိုလ်က မင်း ဟိုဟာလေး လှူထားတာပဲ အဲဒါလေးဟာ မင်းအတွက်ဆိုပြီး ဘေးကနေ တွန်းပေး လိုက်တယ် (တင်ပါဘုရား) တွန်းပေးလိုက်တယ် (တင်ပါ ဘုရား)။

တွန်းပေးတဲ့ ပုဂ္ဂိုလ်ကလည်း ဒါလေးကလည်း ငါ့ဟာပဲ ငါလှူထားတာလေး ဖျတ်ဆို စုတေစိတ်ကျတယ်၊ သူက ဒိဋ္ဌိတန်းလန်းနဲ့ ကျတော့ သူက သုဂတိတော့ ရောက် ပါတယ် (တင်ပါဘုရား) နိဗ္ဗာန်မရောက်တော့ဘူး (မှန်ပါ့)။

## ဒိဋ္ဌိက သုဂတိတော့ရောက်တယ်

သုဂတိတော့ (ရောက်ပါတယ်ဘုရား) ရောက်တယ် (နိဗ္ဗာန်တော့ မရောက်ပါဘူးဘုရား) ဒါဖြင့် ဒီဒိဋ္ဌိသည် နိဗ္ဗာန်သာ တားတာ (တင်ပါဘုရား) သုဂတိမတားဘူး ရှင်းပလား (ရှင်းပါပြီဘုရား)။

သို့သော် များသောအားဖြင့် အစ်မတို့လည်း ငယ်ရာက ကြီးလာပေါ့၊ မင်းလည်း ငယ်ရာက ကြီးလာပေါ့၊ ဒို့လည်း ငယ်ရာက ကြီးလာလို့ ကြွားဖူးနားဝ သေခါနီးမှ အားကိုးပေးနေကြတာဖြင့် ဒီသက္ကာယဒိဋ္ဌိတွေ အားပေးနေတာ (တင်ပါဘုရား)။

မင်းဖို့ ပန်းလှူထားတာ မင်းဆောက်ထားတဲ့ ကျောင်းရှိသားပဲ၊ အဲဒါတွေ နှလုံးသွင်းလိုက်ပါ့လားဆိုတော့ အဲဒါတွေအားကိုးလိုက်ပါလား (တင်ပါ)။

အဲဒီစေတနာ ဘယ်ရောက်မှာတုံးကွ မင်းဟာပဲ အတူတူပဲ တစ်ခါတည်း သက္ကာယဒိဋ္ဌိဘက် တွန်းသွင်းလိုက်တာ ရှင်းကြရဲ့လား (ရှင်းပါပြီဘုရား)။

လောကကြီးထဲမှာ ဒါမများဘူးလား များသလား (များပါတယ်ဘုရား)။

(တစ်နေ့မှာ ဦးသံဒိုင်က သူ့မိတ်ဆွေကြီး တစ်ယောက်ကို အဲဒီသက္ကာယဒိဋ္ဌိထဲ တွန်းပို့နေပါတယ်ဘုရား) ပို့ရမှာ လူကြမ်းကိုကွ (တင်ပါဘုရား) ရုပ်နာမ် ဖြစ်ပျက်ကို ငဲ့ပါဆို ရမှာမှ မဟုတ်ပဲ (မရပါဘူးဘုရား) မရဘူးလူရိုင်း။

အဲတော့ သုဂတိရောက်ရင်တော်ပြီဆိုပြီး သူ့ရှေ့ အပါယ်မကျပြီးရောဆိုပြီး ပို့ရတာလည်း ရှိသေးသကို (တင်ပါဘုရား) ခုန နိဗ္ဗာန်တော့ မရောက်ဘူးဆိုတာကို

ဘုန်းကြီးများကတော့ သေချာစေချင်လို့ ဒီအဓိပ္ပာယ်ရှင်းပြတာပါ (တင်ပါဘုရား)။

ဘာမှ ဒီရုပ်နာမ်ဖြစ်ပျက် သစ္စာမသိတဲ့ ပုဂ္ဂိုလ်ကျတော့ ဘုန်းကြီးများလည်း ဒါပဲ သူ့ပြောရမှာပဲ (တင်ပါဘုရား) အင်း ခင်ဗျား ဘာလှူပြီးတုံး၊ ဘာတန်းပြီးတုံး၊ လှူဒါန်းတော့ ဝမ်းမြောက်ကဲ့လား၊ ဘယ်လောက်ကုန်သွားပါလိမ့် မေးရမှာပဲ (တင်ပါ) ဒါတွေ သတိမရ ရအောင်လုပ်ပေးရမယ် (မှန်ပါ)။

## ထောင်တစ်သက်က တော်သေးတယ်

ဘာ့ကြောင့်တုံးတဲ့ မေးတဲ့အခါကျတော့ ဒီထက်သက္ကာယဒိဋ္ဌိ ပြုတ်တဲ့တရားမှာ သူကလည်း မနာဖူးဘူး၊ မနာဖူးတော့ ဒိဋ္ဌိပြုတ်ဖို့ရာ ခဲယဉ်းတော့၊ မင်းသက္ကာယဒိဋ္ဌိတန်းလန်းနဲ့ သေတော့ကွာ၊ အပါယ်တော့ မရောက်သေးဖူးပေါ့၊ သေဒဏ်ကျမဲ့လူတွေ၊ ထောင်တစ်သက်ကတော်သေးကွာ ဒီလိုယူသွားတယ် (တင်ပါဘုရား) ပေါ်ပလား (ပေါ်ပါပြီဘုရား)။

ကဲဒါဖြင့် ခုဟာကတော့ ဒီဒကာဒကာမတွေ အရင်းအချာ ဖြစ်နေတော့၊ ဩော် နှစ်စသိရမှာကို (တင်ပါဘုရား) နှစ်စသိရမယ်နော် (တင်ပါ) တစ်စက သက္ကာယဒိဋ္ဌိနဲ့ပဲ သုဂတိပို့ပေး (တင်ပါဘုရား)။

တစ်စက မင်းခန္ဓာ မင်းရှုပြီး တစ်ခါတည်း မင်းဟာ မင်း ဆင်ခြင်သော၊ ဒီလိုဆိုတော့ သေခါနီး ရဟန္တာဖြစ်တယ် (တင်ပါဘုရား) နှစ်စ သက္ကာယဒိဋ္ဌိပြုတ်ပြီးတော့ စုတေစိတ်ကျသောကြောင့် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်နိုင်တယ် (မှန်ပါဘုရား)။

ဟိုဟာက သုဂတိသာရောက်နိုင်တယ် (တင်ပါဘုရား) ဒီလိုခွဲခြားသိရမယ် (တင်ပါ) အဲတော့ မင်းတို့ နဂိုက သိထားတာက မိတ်ဆွေကောင်းလိုတယ်လို့ ဆိုတာက မင်းတို့က သက္ကာယဒိဋ္ဌိနဲ့ ငါလုပ်ထားတာ၊ ငါပေးကမ်းထားတာ အဲဒါလေးတွေ နှလုံးသွင်းပါ့လားဆိုတော့၊ မင်းတို့က မိတ်ဆွေကောင်းလုပ်ထားတာ (တင်ပါဘုရား)။

## အောက်တန်းကျတယ်တဲ့

သေခါနီး မိတ်ဆွေကောင်းသူပဲပေါ့၊ သူ့ကို လက်ညှိုးညွှန်ပြတယ် (မှန်ပါဘုရား) အခု ဆရာဘုန်းကြီးနဲ့ တွေ့တော့ ဒါ အောက်တန်းကျတယ်ကွ (တင်ပါဘုရား) ဆုံးမတယ် (မှန်ပါ) အောက်တန်းကျတယ်ကွလို့ ဆုံးမလိုက်တယ် (တင်ပါဘုရား)။

မင်းဟာက ဘုံသွားရုံတင်၊ မင်းဟာက ဒိနိဗ္ဗာန်သွားနိုင်တဲ့ အချိန်ကြီး တစ်ခါတည်း "ဆင်ဖြူတော်" ပေါ်မှာ

"ချည်ဝင်"နဲ့ မင်းဟာပြီးရောလား (တင်ပါ) မပြောရပေဘူးလား (ပြောရပါတယ်ဘုရား)။

## အလုပ်သမားတွေကျတော့

အဲခုတော့ အလုပ်သမားတွေကျတော့ ဘုန်းကြီးက ဖဂ္ဂုဏာ ဟောထားလိုက်တယ်၊ ဆင်ခြင်သေလိုက် (တင်ပါဘုရား) ဘုရားက ရှင်းပလား (ရှင်းပါပြီဘုရား) ခန္ဓာကိုယ်ကို ဆင်ခြင်သေလိုက်တဲ့ ဆိုတော့ အဲဒီ ဆင်ခြင်သေတာကလည်း ဒိဋ္ဌိပြုတ်သေသွားတာပဲ။

ဒိဋ္ဌိပြုတ်သေတဲ့အတွက် သေခါနီး သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်ပြီး ကိစ္စပြီးသွားတယ်၊ ဘဝကို မကူးတော့ဘူး (တင်ပါဘုရား) ဟိုက ဘဝကူးတယ်၊ သဘောပါပလား (သဘောပါပါပြီဘုရား)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောထားတာကိုလည်း ကြားဖြတ်တရားလည်း ဟုတ်ပါတယ်၊ ဆက်သွယ်မှုလည်း ဒီတရားနဲ့ ရှိတယ်လို့ မှတ်ပြီးသကာလ၊ ဒီဘဝ စုတိစိတ်ကျပြီး နောက်ဘဝ ပဋိသန္ဓေနေရတဲ့ အပြစ်ဟာ အကြီးဆုံး အပြစ်ကို (တင်ပါ) သူဟောထားတာက (တင်ပါဘုရား)။

အဲတော့ မင်းတို့ မိတ်ဆွေကောင်းလို့ ဆိုတာက၊ နောက်ဘဝ ပဋိသန္ဓေပေးတတ်တဲ့ ပုဂ္ဂိုလ်ကို၊ မင်းတို့က မိတ်ဆွေကောင်းယူထားတာ၊ (တင်ပါဘုရား) သဘောပါ ပလား (ပါပါတယ်ဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာပေးတတ်တဲ့ ပုဂ္ဂိုလ်ကို မင်းတို့က မိတ်ဆွေကောင်း၊ ဒုက္ခသစ္စာချုပ်အောင်တော့ဖြင့် မင်းတို့မှာ ပေးမဲ့လူ မရှိဘူး (မရှိပါဘူးဘုရား) မရှိဘူးတဲ့၊ အဲဒါကြောင့် မင်းတို့ အကြွင်းလင်မယားမှာတော့၊ အင်း ဒီလိုဟာတွေ အောက်မေ့နေလို့ရှိရင် ငါမပြုတ်ဘူး (မှန်ပါတယ်ဘုရား)။

ငါပြုတ်တဲ့အလုပ်မှ နိဗ္ဗာန်ရောက်တာ၊ ငါမပြုတ်တဲ့ အလုပ်ဟာ သုဂတိတင် တင်မှာပဲဆိုတာ ခွဲခြားပြီး မှတ်ထား ရမယ် (တင်ပါဘုရား) သဘောပါပလား (သဘောပါပါပြီ ဘုရား)။

ဒါဖြင့် သေခါနီးမှာ ဩော် မိတ်ကောင်း ဆွေကောင်း ဆိုတာ နှစ်မျိုးပဲ ထားရတော့မှာပဲ၊ ခန္ဓာအကြည့်ကောင်းတဲ့ ပုဂ္ဂိုလ်တွေဟာ မိတ်ကောင်းပဲ၊ ဟိုဟာ အလတ်စားကောင်း တာ ဆိုနိုင်တယ် အကောင်းဆုံးတော့ မဆိုနိုင်ဘူး (မှန်ပါ တယ်ဘုရား)။

## သုဂတိပို့ပေးတာ ဒုတိယတန်းစား

မင်းပြုစုထားတဲ့ မင်းဆောက်ထားတဲ့ ကျောင်းပေါ့ ဘယ်လိုညာလို အစရှိသည်နဲ့ သုဂတိပေးပြီးသကာလ နေတာက ဒုတိယအကောင်း၊ ပထမတန်း အကောင်းမဟုတ်ဘူး (မှန်ပါဘုရား) အဲဒါ မနေ့က တရားမသိမ်းခဲ့တာ ဒါတွေ ပြောချင်လို့ (မှန်ပါဘုရား) ဒါတွေက သိပ်အရေးကြီးတယ် (အရေးကြီးပါတယ်ဘုရား)။

## ဆင်ခြင်သေတာ အကောင်းဆုံး

အရေးကြီးတယ်တဲ့၊ အဲတော့ ဆုံးမပါတယ် ဆရာဘုန်းကြီးက ဟော့ ဆင်ခြင်သေကွာ၊ ဆင်ခြင်သေ၊ ကိုယ့်သန္တာန်ကို ဖြစ်ပျက်ကို မြင်ပြီးသကာလ သေသည်ဖြစ်စေ၊ ဆုံးပြီးသကာလ သေသည်ဖြစ်စေ၊ အဲဒါအကောင်းဆုံး ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

## မြင်ပြီးသေရင်

မြင်သေရင် နောက်ဘဝ ပဋိသန္ဓေတစ်ကြိမ် နေငြားသော်လည်း၊ ရောက်သည်နှင့် တစ်ပြိုင်နက်ထဲ သောတာပန်ဖြစ်တယ် (တင်ပါဘုရား) ဟိုက ဖြစ်မှ မဖြစ်ပဲကို (မဖြစ်ပါဘူး)။

## ဆုံးပြီးသေရင်

ဆုံးသေမယ်ဆိုရင် ဒီမသေခင်တင်သူက သောတာပန်ဖြစ်နေတာ (တင်ပါဘုရား) မခြားနားဘူးလား (ခြားနားပါတယ်ဘုရား) အဲဒါကြောင့်တဲ့ ဒါက ဒီပုဏ္ဏမသုတ်မှာ ပြောဖို့ အခွင့်အရေးကြုံလာလို့ ပြောရတဲ့တရားလို့ မှတ်ရမှာပဲ (တင်ပါဘုရား)။

ရဟန်းကို ဖောက်ပြန်သွားပြီကွ (တင်ပါ) တရားနာရင်း ဖောက်ပြန်သွားတယ်၊ အလုံးစုံအနတ္တဆိုရင် ဘာအားကိုးမလဲ၊ ကိုယ်လုပ်ထားတဲ့ ကံပဲ အားကိုးရုံရှိတော့တာပဲ (တင်ပါဘုရား) အဲဒါ ငါလည်း မဟုတ်ပါဘူး၊ သူ့ဟာက သူကလည်း ဒိဋ္ဌိကွာသလိုလို (မှန်ပါဘုရား)။

ငါလည်းမဟုတ်ပါဘူးတဲ့၊ စေတနာက အဲဒါ အားကိုးရုံပဲဆိုတော့၊ ဒီစေတနာ မပျက်ဘူး ယူလိုက်လို့၊ သဿတဒိဋ္ဌိဝင်လာတာ သူမသိလိုက်ဘူး (မှန်ပါတယ်ဘုရား) သက္ကာယဒိဋ္ဌိတော့ သူကမြင်လိုက်တယ်၊ သဿတဒိဋ္ဌိဝင်လာတာ သူမသိလိုက်ဘူး။ သက္ကာယဒိဋ္ဌိတော့ စေတနာက ငါမှမဟုတ်ဘဲဆိုတော့ ကိုက်နေတယ် (တင်ပါဘုရား)။

## သဿတဒိဋ္ဌိရှိရင် သက္ကာယဒိဋ္ဌိမပြုတ်

သူ့အားကိုးရမှာပဲဆိုတော့ သူခိုင်တာမြဲတာ ယူပစ်လိုက်တယ် (တင်ပါ) အဲတော့ သဿတဒိဋ္ဌိမလာဘူးလား (လာပါတယ်ဘုရား) သဿတဒိဋ္ဌိ မလာဘူးလား (လာပါတယ်ဘုရား) သဿတဒိဋ္ဌိရှိနေလို့ရှိရင် သက္ကာယဒိဋ္ဌိ ဘယ်တော့မှ မပြုတ်ဘူး (တင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

သဿတဒိဋ္ဌိရှိနေရင် (သက္ကာယဒိဋ္ဌိမပြုတ်ပါဘူးဘုရား) မပြုတ်ဘူးတဲ့၊ ဒီတင်မှ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောရပြန်တယ်ဟေ့တဲ့၊ ဗွေဖောက်တဲ့ ပုဂ္ဂိုလ်တွေ လာပြန်တော့လည်း၊ ပဥ္စမသုတ်မှာ အားလုံးသော ရဟန်းတို့ ရုပ်တရား အနိစ္စလား နိစ္စလားကွ၊ အနိစ္စပါဘုရား။

အနိစ္စဖြစ်တဲ့တရား ဒုက္ခလား သုခလားကွ၊ ဒုက္ခပါဘုရား၊ အဲဒီအနိစ္စ၊ ဒုက္ခဖြစ်တဲ့ တရားကို အနတ္တလို့ ဆိုမလား အတ္တလို့ ဆိုမလားကွ၊ အနတ္တလို့ ဆိုမယ်ဘုရားလို့ ဆိုပြီး သကာလ၊ အဲဒါ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာလို့ မင်းတို့ ဆိုနိုင်သေးရဲ့လား မေးရပြန်တာပေါ့လေ (တင်ပါဘုရား)။

## ဒါဝိပဿနာအရှုခိုင်းတာ

မေးလိုက်တော့ ဒါဝိပဿနာ အရှုခိုင်းတယ်လို့ မှတ်ရမယ် (မှန်ပါဘုရား) အဲဒီလို ဝိပဿနာအရှုခိုင်းတော့ ဒီပုဂ္ဂိုလ်လည်း မကျန်ပါဘူးတဲ့၊ ပါသွားတယ် (တင်ပါဘုရား) အလုံးစုံ အကုန် သူ့စိတ်ထဲမှာ အနတ္တတွေအဖြစ်နဲ့ ရှင်းပြီးသကာလ အရင်ဗွေဖောက်နေတာတွေ၊ အခုအချိန်လေးရှိတုန်း ပြင်ပေးလိုက်တဲ့ အတွက်တဲ့ အလွန်ကျေးဇူးများသွားတဲ့ အမိပ္ပာယ် ရှင်းသွားတယ် (ရှင်းပါပြီဘုရား) အချိန်လေးရှိကုန်း ပြင်ပေးလိုက်တာ (တင်ပါဘုရား)။

တစ်ပါးတည်းသိတာ တစ်ပါးပါနေသေးတယ် (မှန်ပါဘုရား ဒါလည်း ဘုရားမို့ သိတာပါဘုရား) အဲ ဘုရားမို့ သိတာပေါ့၊ တစ်ပါးပါနေတယ် ဆိုပြီးသကာလ၊ သူ့အတွက်နဲ့ ပတ်သက်ပြီး ဟိုပုဂ္ဂိုလ်တွေ အတွက်ပါ တစ်ခါတည်း လက္ခဏာကြီးသုံးပါး ပြန်ဟောနေတာ (တင်ပါဘုရား)။

ဘုရားမှာ အချိန်မကုန်တန်ပဲနဲ့ အင် (ကုန်ပါတယ်ဘုရား) သို့မဟုတ် အရင်တုန်းကတည်းက တဏှာမာန ဒိဋ္ဌိပြုတ်တဲ့ဟာ ဟောကတည်းက ပြီးနေပြီပေါ့ကွ (မှန်ပါတယ်ဘုရား)။

သူက ခန္ဓာငါးပါး ဒိဋ္ဌိပြုတ်တာလည်း ဟောလိုက်ပါရော ဗွေဖောက်လာတယ် (တင်ပါ) အဲ့ဒီမှ **"အဝိဇ္ဇာ၊**

အဝိဇ္ဇာဂတော၊ တဏှာဓိပတေယျေန စေတသာ၊ ဗုဒ္ဓသာသနံ၊ အဘိဓါဝိတဗ္ဗမညေ ဆိုပြီးသကာလ ငါဘုရား သာသနာ ငါဘုရားအဆုံးအမကို သူမတော် မတည့် လုပ်ပြီ ဟေ့ ဆိုပြီးသကာလ ဒီအတိုင်း ဘုရားသခင် ကိုယ်တော်မြတ် ကြီးက မြင်တော့၊ ကိုင်းအားလုံးပဲ ရဟန်းတို့ ဝေဒနာဟာ အနိစ္စလား နိစ္စလားဆိုပြီး ခန္ဓာငါးပါးကုန်အောင်ကို မေးချ လိုက်တာ။

အနိစ္စလို့ပြောတော့၊ အဲဒါ ဒုက္ခလား၊ သုခလား၊ ဒုက္ခပါဘုရား၊ အဲဒီ အနိစ္စ၊ ဒုက္ခကြီးက ငါ့ကိုယ် ငါ့ဟာ ငါ့ဉစ္စာ လို့ ဆိုနိုင်ကြရဲ့လားကွ၊ အားကိုးစရာ ရှိရဲ့လားကွ မေးလိုက် တယ်၊ မရှိပါဘူးဘုရား။

## ရုပ်နာမ်ခန္ဓာအားကိုးရင် ဝါးဖောင်အားကိုးတာ

အေး ကောင်းပြီကွ၊ အဲဒါ ငါဘုရား အဆုံးအမ အစစ်အမှန် ဘယ်မှ သွားပြီးသကာလ၊ မင်းတို့ ကိုးစားရာ အားထားရာ အစစ်ရှာပြီးသကာလ မနေနဲ့တော့၊ ရုပ်နာမ်ခန္ဓာ အားကိုးလို့ရှိရင် ဝါးဖောင်အားကိုးတာပဲ၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ရုပ်နာမ်ခန္ဓာဆိုတာ ဝါးဖောင်၊ ဝါးဖောင်ဆိုတာ မခိုင်တာကို ဆိုပါတယ် (တင်ပါဘုရား) ခဏတော့ဖြင့်

အသက်ရှင် မလိုလိုနဲ့ ပင်လယ်ထဲ သင်္ဘောပျက်လို့ ဝါးဖောင်တွေ့လို့ ခဏတော့ဖြင့် နေရာကျ တော်ကြာ သူက ပုတ်ဆွေးပြီးသကာလ သူပျောက်တော့ သူ့အားကိုးတဲ့ ပုဂ္ဂိုလ်က မြုပ်ကျန်တာပဲ (မှန်ပါဘုရား)။

ငှက်ပျောဖောင်တို့ ဝါးဖောင်တို့ အားကိုးတဲ့ပုဂ္ဂိုလ် ဒီအတိုင်းသွားမှာစိုးလို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက နိဗ္ဗာန်ကျအောင် ညွှန်ပြရရှာတယ် (တင်ပါဘုရား) သဘောပါပလား (သဘောပါပါပြီဘုရား) ဘယ်ကျအောင် ညွှန်ပြရတုံး (နိဗ္ဗာန်ကျအောင် ညွှန်ပြရပါတယ်ဘုရား)။

## ခန္ဓာဆုံးမှ နိဗ္ဗာန်

အဲ နိဗ္ဗာန်ဆိုတာလည်း ဒီနေ့ည ထူးထူးခြားခြားပဲ ပြောတော့ ခန္ဓာဆုံးမှ နိဗ္ဗာန် (တင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား) နိဗ္ဗာန်ဟာ ဘာတုံး (ခန္ဓာဆုံးမှ နိဗ္ဗာန်ပါဘုရား) အဲ ခန္ဓာဆုံးမှ နိဗ္ဗာန်တဲ့။

ဒီခန္ဓာရှိနေသ၍ ကာလပတ်လုံးဟာဖြင့် နိဗ္ဗာန်မဟုတ်သေးပါဘူး၊ နိဗ္ဗာန်ရှိတဲ့နေရာ ဘယ်နေရာတုံးဆိုတော့ ဘုန်းကြီးခဏခဏ ပြောနေတဲ့ နိဗ္ဗာန်ရောက်ချင်တဲ့ ပုဂ္ဂိုလ်ဟာ အကွယ်နှစ်ခုကို ခွာနိုင်လို့ ရှားနိုင်လို့ ရှိလို့ရှိရင် ရောက်ပါဝာယ် (တင်ပါဘုရား)။

## အဝိဇ္ဇာ တဏှာ

ပထမ ရှေးဦးစွာ ခန္ဓာတည်းဟူသော တရားပေါ်မှာ အဝိဇ္ဇာတဏှာ ကွယ်နေတယ်၊ ဉာဏ်က မထိုးထွင်းနိုင်ဘူး၊ အဲဒီအဝိဇ္ဇာ တဏှာကို ဆရာဘုန်းကြီးက ဉာဏ်နဲ့ ခွဲပြီး ပေးလိုက်၊ ဖယ်ပေးလိုက်တဲ့အခါကျတော့၊ အဝိဇ္ဇာတဏှာ မရှိတဲ့အခါကျတော့ ခန္ဓာအကြည့် ဆုံးပြန်တော့ ခန္ဓာက ဖြစ်ပျက်ကြီးအဖြစ်နဲ့ ကွယ်ပြီး နိဗ္ဗာန်မတွေ့ပြန်ဘူး (တင်ပါဘုရား) တွေ့သေးရဲ့လား (မတွေ့ပါဘူးဘုရား)။

## ဖြစ်ပျက်ဒုက္ခသစ္စာ

တစ်ခါ ဒီခန္ဓာကြီးက တစ်ခါ ဖြစ်ပျက်အဖြစ်မှ ဒုက္ခသစ္စာအဖြစ် ရောက်ပြီး၊ မလိုချင်တဲ့ အခါကျမှ ခန္ဓာက ဖျတ်ခနဲချုပ်ပြီး၊ အကွယ်ရုပ်သိမ်းလိုက်တဲ့အခါကျတော့မှ နိဗ္ဗာန်ဟာ သွားတွေ့တယ်။

ဒါဖြင့် နိဗ္ဗာန်၊ အကွယ်နှစ်ချပ် ဖောက်နိုင်လို့ရှိရင် နိဗ္ဗာန်ရောက်တယ်လို့ မှတ်ရမယ် (မှန်ပါ) ပထမ ဘာကွယ်နေတုံး (အဝိဇ္ဇာနဲ့ တဏှာပါဘုရား) သူ့ကို ရှင်းပေးတဲ့ ဆရာနဲ့တွေ့လို့ ရှင်းပေးလိုက်တဲ့အခါကျတော့ ခန္ဓာပေါ် လာတယ် (တင်ပါဘုရား)။

ခန္ဓာပေါ်လာတော့ သင်္ခါရ ဒုက္ခတွေက တစ်ခါ ကွယ်နေပြန်တယ် (တင်ပါဘုရား) အဲ့ဒီသင်္ခါရဒုက္ခတွေချုပ်သွားမှ နိဗ္ဗာန်ပေါ်ပြန်တယ် (တင်ပါဘုရား)။

ဒါဖြင့် နိဗ္ဗာန်အကွယ် ဘယ်နှစ်ချပ်ရှိတုံး (နှစ်ချပ်ပါဘုရား) နှစ်ချပ်ရှိတာကို ပထမအချပ်ကို အရင်ခွာရမယ့် ဝဋ္ဋရား (တင်ပါဘုရား) ပထမအချပ်ခွာပြီးမှ ဒုတိယအချပ်ကို ဝိပဿနာဉာဏ်တွေနဲ့ နောက်သစ္စာသိတဲ့ ဉာဏ်တွေနဲ့ ခွာရမယ် (တင်ပါဘုရား)။

## မလိုချင်တဲ့ဉာဏ် မဂ်ဉာဏ်ပေါ်လာတယ်

အဲ သစ္စာသိတဲ့ဉာဏ်နဲ့ခွာပြီးမှသာလျှင် မလိုချင်တဲ့ ဉာဏ်ဆိုတဲ့မဂ်ဉာဏ် ပေါ်လာတယ်၊ ဖိုလ်ဉာဏ်ပေါ်လာတယ်၊ ပေါ်လာတဲ့အခါကျတော့မှ နိဗ္ဗာန်တွေ့မှာပဲ၊ နိဗ္ဗာန် နီးသလား ဝေးသလားဆိုတော့ ခန္ဓာအဆုံးရှိပါတယ် ပြောနေတာ (မှန်ပါဘုရား) ကွယ်နေတာ ခန္ဓာ၊ သူဆုံးသွားတော့လည်း ဒီနေရာက လာပေါ်တာပဲ (တင်ပါ့) သဘောပါပလား (ပါပါပြီဘုရား)။

နိဗ္ဗာန်ဘယ်မှာရှိတုံး (ခန္ဓာအဆုံးပါဘုရား) သူ့ ဘယ်သူကွယ်နေတုံး၊ ခန္ဓာက ကွယ်နေတယ် (ခန္ဓာက ကွယ်နေပါတယ်ဘုရား) ခန္ဓာမမြင်အောင် ဘယ်သူက

ကွယ်နေပြန်တုံး (အဝိဇ္ဇာကပါဘုရား) အဝိဇ္ဇာနဲ့တကျော့က ကွယ်နေတယ်။

အဲတော့ ဆရာဘုန်းကြီးက ဉာဏ်ပေးလိုက်တယ်၊ ဝိဇ္ဇာဉာဏ်ပေးလိုက်၊ အလောဘဆိုတဲ့ဥစ္စာ ပေးလိုက်တဲ့ အခါကျတော့ သူတို့ နှစ်ခုကွယ်နိုင်သေးရဲ့လား (မကွယ်နိုင်ပါဘူးဘုရား)။

မကွယ်နိုင်တော့ ခန္ဓာတွေ့တာပဲ (တင်ပါဘုရား) ခန္ဓာတွေ့တဲ့အခါကျတော့ ခန္ဓာကိုယ် အသေအချာ စိုက်ကြည့်ကြပေ့ ဆိုတော့ ခန္ဓာက ဖြစ်ပျက် အနိစ္စတွေ၊ ဒုက္ခတွေ၊ အနတ္တတွေ သူပြောလာတယ် (တင်ပါဘုရား)။

ဒီလောက်နဲ့တော့ နိဗ္ဗာန်မတွေ့သေးဘူး (မတွေ့သေးပါဘူးဘုရား) မတွေ့သေးဘူး အနိစ္စဉာဏ် ဒုက္ခဉာဏ် အနတ္တဉာဏ်ပဲ ရတယ်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်မရသေးဘူး (တင်ပါဘုရား)။

အဲနောက်ကျတော့ ကြည့်ပါများလာတဲ့အခါ ဒုက္ခသစ္စာ အစစ်ပဲဆိုပြီး ဉာဏ်က ထက်လာတဲ့အခါကျမှ ခန္ဓာက ချုပ်သွားတယ် (တင်ပါဘုရား)။

## ခန္ဓာချုပ်မှ နိဗ္ဗာန်ပေါ်တယ်

ခန္ဓာချုပ်သွားတဲ့အခါကျမှ ခန္ဓာကိုယ်ကြီး ဖယ်ရှားပစ်လိုက်တဲ့အခါကျတော့မှ မောင်ချစ်ဆွေ နိဗ္ဗာန်ဟာ ပေါ်လာတယ် (တင်ပါဘုရား) အဲတော့ နိဗ္ဗာန်ဟာ နီးရက်နဲ့ဝေးတာ၊ အကွယ်မခွာတတ်လို့၊ မရှာတတ်လို့ သဘောပါပလား (သဘောပါပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်ရချင်တဲ့ပုဂ္ဂိုလ် ရှေးဦးစွာ အဝိဇ္ဇာတဏှာ ခွာရမယ် (တင်ပါဘုရား) ပြီးတော့မှ ခန္ဓာကိုတွေ့အောင် ရှာရမယ် (တင်ပါဘုရား) ခန္ဓာတွေ့အောင်ရှာပြီး ခန္ဓာ့ဖြစ်ပျက်တွေကို တစ်ခါတည်း ရွံအောင်မုန်းအောင် မလိုချင်အောင် လုပ်ရမယ် (တင်ပါဘုရား)။

## ခန္ဓာအဆုံးမှာနိဗ္ဗာန်ရှိတယ်

လုပ်လိုက်တဲ့ အခါကျတော့မှ ဒီခန္ဓာကြီးက မလိုချင်တဲ့ ပုဂ္ဂိုလ် သန္တာန်မှာ မရှိပဲ ဖြစ်သွားတော့မှ နိဗ္ဗာန်က ပေါ်လာမယ် (တင်ပါဘုရား) ဒါဖြင့် နိဗ္ဗာန်ဟာ (ခန္ဓာ့အဆုံးမှာပါဘုရား) အေး . . . ခန္ဓာ့အဆုံးမှာပဲ ရှိတယ်၊ မရှိဘူးဆိုရင် မှားပါလိမ့်မယ် (တင်ပါဘုရား) ရှိတာလည်း အမှန်ပဲ။

မခွဲတတ်၊ မခြားတတ်၊ မခွာတတ်၊ မဖယ်တတ်လို့သာလျှင် နိဗ္ဗာန်ဝေးတယ်ထင်နေကြတာ (တင်ပါဘုရား) သဘောပါပလား (သဘောပါပါပြီဘုရား) ရှင်းပြီ (ရှင်းပါပြီဘုရား)။

ကဲ ယနေ့ ဒီတွင်တော်ဦး

သာဓု . . . သာဓု . . . သာဓု . . .။